# ရေကြေးမှန်

The Mirror Daily

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၅၄ ခုနှစ်၊ နတ်တော်လပြည့်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 7 December 2022 ၁၀၉၄၂


## ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားစီးပွားရေးဆိုင်ရာအဖွဲ့အစည်း (JSC "Tyazhpromexport") ၏ ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားစီးပွားရေးဆိုင်ရာအဖွဲ့အစည်း( JSC "Tyazhpromexport") ၏ ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

## သံနှင့် သံမဏိထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရုရှားနိုင်ငံအနေဖြင့် နည်းပညာပိုင်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားစီးပွားရေးဆိုင်ရာအဖွဲ့အစည်း (JSC "Tyazhpromexport") ၏ ညွှန်ကြားရေးမှူးချုပ် Mr. Sergey Egorov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဇည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ သံနှင့်သံမဏိထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရုရှားနိုင်ငံအနေဖြင့် နည်းပညာပိုင်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားစီးပွားရေးဆိုင်ရာ အဖွဲ့အစည်း (JSC"Tyazhpromexport") ၏ ညွှန်ကြားရေးမှူးချုပ် Mr. Sergey Egorov နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Nikolay LISTOPADOV နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်


ယနေ့ ဖတ်စရာ

ကော်ဖီအကြောင်း သိကောင်းစရာ အဖြာဖြာ
ဆောင်းပါး
စာမျက်နှာ » ၆

နယူးဇီလန်နိုင်ငံ၌ လူမှုမီဒီယာများဖြစ်သည့် ဂူဂဲလ်နှင့် မီတာတို့အား ပြည်တွင်းသတင်းဖော်ပြမှုဆိုင်ရာ အခကြေးငွေကောက်ခံရေး ဥပဒေပြဋ္ဌာန်းမည်
စာမျက်နှာ » ၁၃

ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း
စာမျက်နှာ » ၁၇

ယွန်းပညာကောလိပ်(ပုဂံ)မှ ယွန်းအတတ်ပညာ ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပို့ချ
စာမျက်နှာ » ၉

ကြေးမုံ

# ချစ်ကြည်ရင်းနှီးမှုမှ ဖွံ့ဖြိုးတိုးတက်မှုဦးတည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ပထမပတ်က သွားရောက်ခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်မှ ပေါ်ထွက်လာသော အကျိုးရလဒ်များကို လက်တွေ့မြင်တွေ့နိုင်ပြီဖြစ်သည်။ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ကူးလူးဆက်ဆံမှုများမှသည် နှစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများကို စတင်ဖော်ဆောင်လာပြီဖြစ်သည်။

ဒီဇင်ဘာလ ၅ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးက လာရောက်ဂါရဝပြုတွေ့ဆုံပြီး မြန်မာ-ရုရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ကိစ္စများနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု၊ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းပျံသန်းရေးဆိုင်ရာကိစ္စများနှင့် အခြားလိုအပ်ချက်များ၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအဖွဲ့များအား နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားနိုင်ငံမှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ သံနှင့် သံမဏိ ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ပေးမည့်အခြေအနေများ၊ စွမ်းအင်ဆိုင်ရာကိစ္စများ၊ တွင်းထွက်ပစ္စည်းထုတ်လုပ်ခြင်းဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စက်မှုထုတ်ကုန်များထုတ်လုပ်ခြင်းတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် အခြားကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အဖြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

လူ့အသိုက်အဝန်းတွင် မိတ်ကောင်း၊ ဆွေကောင်းများရှိနေခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ပြီး အဆိုပါ အသိုက်အဝန်း၏ မျက်မှောက်၊ အနာဂတ်အတွက် ကောင်းခြင်းမင်္ဂလာအဖြာဖြာတို့ကို ဖြစ်ပေါ်စေနိုင်သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်သည့်အပြင် ကမ္ဘာ့အင်အားကြီးနိုင်ငံကြီးတစ်နိုင်ငံလည်းဖြစ်သည်။ မြန်မာနိုင်ငံနှင့်အလှမ်းဝေးသောနိုင်ငံဖြစ်သော်လည်း အနေနီးသည့် ရင်းနှီးချစ်ကြည်ဆက်ဆံရေးများ အစဉ်အဆက်ရှိခဲ့ပြီး မြန်မာနိုင်ငံကဲ့သို့ အားနည်းသောနိုင်ငံတစ်နိုင်ငံအပေါ် ဖြောင့်မတ်မှန်ကန်စွာဖြင့် မိတ်ကောင်းဆွေကောင်း ပီပီသသဆက်ဆံမှုများသည် နိုင်ငံအတွက် အင်အားတစ်ရပ်ဖြစ်စေသည်။ ယခုအခါ ချစ်ကြည်ရင်းနှီးမှုများမှသည် နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေမည့် အကျိုးရလဒ်ကောင်းများကို လက်တွေ့ဖော်ဆောင်နေသဖြင့် ဝမ်းမြောက်မိသည်။

မြန်မာ-ရုရှား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများမှာ ခြေလှမ်းသွက်သွက်ဖြင့် အရှိန်အဟုန်ဖြင့် လှမ်းတက်လာနေသည်ကိုတွေ့ရသည်။ မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြင့်လာစေရန် ရည်ရွယ်၍ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးကို တတိယအကြိမ်မြောက် ကျင်းပနိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုများ ရရှိလာခဲ့သည်။ နှစ်နိုင်ငံ တိုးတက်မှုအခြေအနေများသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတောက်မြို့၌ ကျင်းပခဲ့သည့် (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်တွင် လက်မှတ်ရေးထိုးခဲ့သော ရုရှား-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာကို ဆက်လက်အကောင်အထည်ဖော်ရာမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

တတိယအကြိမ် ရုရှား-မြန်မာ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကော်မရှင် အစည်းအဝေးသို့ နှစ်နိုင်ငံမှ စီးပွားရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ရုရှားကုမ္ပဏီ ၁၀၀ ကျော်နှင့် မြန်မာကုမ္ပဏီ ၂၀၀ ခန့်တို့မှ စီးပွားရေးကိုယ်စားလှယ် စုစုပေါင်း ၃၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် သက်ဆိုင်ရာ ကဏ္ဍများအလိုက် စီးပွားရေးအခွင့်အလမ်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲရလဒ်များအရ ရုရှားကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီတို့အကြား လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများရရှိခဲ့ပြီး မြန်မာနိုင်ငံ စီးပွားရေးအတွက် အကျိုးရလဒ်များစွာ ဖော်ဆောင်လာနိုင်မည်ဖြစ်သည်။ ရင်းနှီးချစ်ကြည် တွေ့ဆုံဆွေးနွေးခြင်း၏အကျိုးရလဒ်အဖြစ် နှစ်နိုင်ငံ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး စီးပွားရေးမိတ်ဖက်ကောင်းများအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းများကို ဖော်ဆောင်ပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ ၂၀၂၂ ခုနှစ်သည် ရုရှား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးပါသည့် ထူးခြားသောနှစ်ဖြစ်သည်။ နှစ်နိုင်ငံခေါင်းဆောင်များ ရင်းနှီးချစ်ကြည်ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းစေမည့် သမိုင်းမှတ်တိုင်များကို စိုက်ထူနိုင်ခဲ့ရာ မိတ်ဆွေညီအစ်ကိုနိုင်ငံ စီးပွားရေးမိတ်ဖက်ကောင်းများအဖြစ် အစဉ်အမြဲလက်တွဲပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းများကို မြှင့်တင်ဖော်ဆောင်ပေးနေပြီဖြစ်ပါကြောင်း။ ။

## အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား

" အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ စည်းလုံးဆောင်ရွက်ကြပါစို့
UNCAC AT 20 : UNITING THE WORLD AGAINST CORRUPTION"

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်

## အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၀၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံဆုံးဖြတ်ချက် ၅၈/၄ ဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းက ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် အဆိုပါကွန်ဗင်းရှင်းသို့ တရားဝင် အတည်ပြုဝင်ရောက်ခဲ့ပြီး ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာပါသည်။ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အခြားကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အခြေခံစားကုန်နှင့် လူသုံးကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ စီစဉ်ပေးမှုဖြင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် သမဝါယမဦးစီးဌာနမှ လေးထောင့်ကန်ဒေသအပိုင်း (၁၊ ၄၊ ၆)ရှိ သမဝါယမအသင်းသားပြည်သူများသို့ စားသုံးဆီ၊ မြေပဲဆီ၊ ဆန် (ရက် ၉၀) ပေါ်ဆန်းနှင့် ဆပ်ပြာအမျိုးမျိုး စသည့်အခြေခံစားကုန်နှင့် လူသုံးကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် စုစုပေါင်း ၄၄ကျပ် ၁၀ သိန်းခန့် ရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၆ - ၁၂ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အဝိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၁၀၀ | ၉၃၂ | ၈,၃၆၁,၂၀၀ |
| MTSH | ၃,၃၅၀ | ၃,၄၀၀ | ၁,၁၆၀ | ၃,၈၄၁,၅၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၅၄ | ၄၁၅,၈၀၀ |

| | | | | |
|---|---|---|---|---|
| FPB | ၁၉,၀၀၀ | ၁၉,၅၀၀ | ၉၅၀ | ၁၈,၁၆၁,၀၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၆၀၀ | ၁၀၅ | ၂၈၃,၃၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၅ | ၂၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဒီဇင်ဘာ ၆**

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | | | | |
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ | (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၁.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၀၄.၄ | (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၄၇.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၀.၃၇ | (စျ) ဂျပန် | တစ်ရာယန်း | = | ၁၅၃၅.၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၉.၉၂၃ | (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၉.၀၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၇.၇၆ | | | | |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၂၀ | | | | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်စိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၇)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

| | | |
|---|---|---|
| နေပြည်တော် | - | စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၃ |
| ရန်ကုန်ရုံးခွဲ | - | အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂ |
| မန်နေဂျာ | - | ၀၁-၈၆၁၀၆၈၅၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅ |

**✯ ကျောဖုံးမှ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် ခရီးသွားလုပ်ငန်းကြောင့် ဖွံ့ဖြိုးတိုးတက်လာသည့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မကြုံစဖူးထိခိုက်ခဲ့ရာမှ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါ လျော့နည်းလာခဲ့သည့်အတွက် ခရီးသွားလုပ်ငန်းများ ပြန်လည်ရှင်သန်လာစေရန် နိုင်ငံအသီးသီးက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို ကြားသိနေရကြောင်း။

**ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်**

မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုသည် ရက်ပေါင်း ၂၀ ဆက်တိုက် ၁ ရာခိုင်နှုန်းအောက်သာရှိသည့်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးနောက်ဆုံးထုတ်ပြန်ထားသည့် ရောဂါကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ခရီးသွားလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့စီးပွားရေးကို အထောက်အပံ့ပြုသည့် အရေးကြီးသောကဏ္ဍများ အတွင်းမှ တစ်ခုဖြစ်ပြီး အလုပ်အကိုင် ၁၀ မျိုးတွင် တစ်မျိုးသည် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် အလုပ်အကိုင် အမျိုးအစားများပင်ဖြစ်သည့်အပြင် ကမ္ဘာတစ်ဝန်းလုံးတွင် အလုပ်အကိုင်ပေါင်း သန်း ၃၂၀ ကျော်ကို ဖန်တီးပေးပြီး ကမ္ဘာ့ GDP ၏ ၁၀ ရာခိုင်နှုန်းရှိသည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ မှတ်တမ်းများအရ သိရကြောင်း၊ ထို့ပြင် ခရီးသွားလုပ်ငန်းသည် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးတက်လာရန်များစွာ အထောက်အပံ့ပြုသည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ထပ်လောင်းအသိအမှတ်ပြုထားကြောင်း။

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၀၀ ကျော်သည် ခရီးသွားလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ဖွင့်လှစ်ပေးခဲ့သည့်အတွက် ကမ္ဘာအနှံ့ ၂၀၂၂ ခုနှစ် ဧနခေါရီလမှ စက်တင်ဘာလအထိ ကမ္ဘာလှည့်ခရီးသည်သန်း ၇၀၀ ခန့် လှည့်လည်ဝင်ရောက်ခဲ့သည့်အတွက် ယမန်နှစ်က အလားတူကာလထက် ၁၃၃ ရာခိုင်နှုန်း ပိုမိုဝင်ရောက်ကြောင်းနှင့် ကိုဗစ်ကပ်ရောဂါ မဖြစ်ပွားမီ ၂၀၁၉ ခုနှစ်ကာလ၏ ၆၅ ရာခိုင်နှုန်းထိ ပြန်လည်ရောက်ရှိခဲ့သည်ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းဇယားများအရ သိရကြောင်း။

ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်၍ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် အဓိကမောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ MSMEs လုပ်ငန်းသည် နိုင်ငံတော်နှင့် လူမှုစီးပွားရေးတိုးတက်မှုကိုပါ အထောက်အကူပြုနိုင်သော အဓိကအခန်းကဏ္ဍဖြစ်သကဲ့သို့ ခရီးသွားလုပ်ငန်းများ ကလည်း ဆက်စပ်စီးပွား အထောက်အကူဖြစ်နေသည့်အတွက် ခရီးသွားလုပ်ငန်းမှတစ်ဆင့် MSMEs များကို တိုက်ရိုက်အထောက်အကူပြုနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး (၂/၂၀၂၂)သို့ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြစဉ်။

ခရီးသွားလုပ်ငန်း MSMEs များ ဖွံ့ဖြိုးတိုးတက်စေရန် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် စားသောက်ကုန်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများကို မိမိတို့၏ ဒေသထွက်ကုန်ကြမ်းများကိုအသုံးပြုပြီး ထိုမှတစ်ဆင့် အဆင့်မြင့်ကုန်ချောပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရန် လိုအပ်သည့် နည်းပညာဗဟုသုတများနှင့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ပြပွဲပြိုင်ပွဲများဖြင့် လုပ်ငန်းရှင်များကို ဆွဲဆောင်စည်းရုံး ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများကို တိုက်တွန်းလိုကြောင်း။

**ဆင့်ပွားအကျိုးကျေးဇူးများ ရရှိမည်**

MSMEs လုပ်ငန်းအများစုအနေဖြင့် မတည်ရင်းနီးငွေ၊ နည်းပညာ၊ အခြေခံအဆောက်အဦ၊ ကျွမ်းကျင်လုပ်သား၊ စျေးကွက်ရရှိရေး အစရှိသည်တို့တွင် စိန်ခေါ်မှုများ အများဆုံးကြုံတွေ့ရလေ့ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် ဒေသထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ခြင်းဖြင့် ဆင့်ပွားအကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒသည် ပြည်သူ့ဗဟိုပြုပြီး အားလုံးပါဝင်နိုင်သည့် စဉ်ဆက်မပြတ်တိုးတက်မှုရရှိစေရန် ရည်ရွယ်ခြင်းဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်း၏ အကျိုးကျေးဇူးများကို ဒေသခံပြည်သူများ ထိထိရောက်ရောက် ရရှိခံစားနိုင်စေရန်နှင့် ခရီးသွားလုပ်ငန်းများ ဖော်ဆောင်ရာတွင်လည်း ဒေသခံပြည်သူများ၏ အကြံဉာဏ်နှင့် ပူးပေါင်းပါဝင်မှုကိုရပြီး အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လာစေရန်လည်း စည်းရုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထို့ပြင် ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ကို အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ လူတန်းစားမရွေး လွယ်ကူစွာ ခရီးသွားလာနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆောင်ရွက်နေသည့် Barrier Free Tourism ဖော်ဆောင်ရေးလုပ်ငန်းများကိုလည်း ဆက်လက်အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်နိုင်သည့် Agri Based Tourism၊ Farming Based Tourism နှင့် ပုပ္ပါးတောင် ဘုရားခရီးသွားလုပ်ငန်းကဲ့သို့ Educational Tourism စသည့် ခရီးသွားလုပ်ငန်း အမျိုးအစားအချို့ကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဖော်ထုတ်ဆောင်ရွက်နိုင်ရန် အကြံဉာဏ်သစ်များဖြင့် နည်းလမ်းများ ဖော်ထုတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဆက်စပ်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အလားအလာရှိသောမြို့၊ ရွာများကို ခရီးသွားမြို့များ၊ ခရီးသွားကျေးရွာများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ဝိုင်းဝန်းပူးပေါင်းကူညီ**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးရန် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသို့ ရောက်ရှိလည်ပတ်သည့်အချိန်မှစ၍ ပြန်လည်ထွက်ခွာသည့်အချိန်ထိ ခရီးသွားဧည့်သည်များ ဝင်/ထွက်မှုလွယ်ကူစေရေး၊ တည်းခို၊ နေထိုင် စားသောက်မှုအဆင်ပြေစေရေးအတွက် ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနအားလုံးက ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ ခရီးစဉ်ဒေသများတွင် ခရီးသွားဧည့်သည်များ ပိုမိုတိုးတက်ဝင်ရောက်လာပြီး ခရီးသွားလုပ်ငန်းမှတစ်ဆင့် ဒေသခံတို့၏ လူမှုဘဝစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို မျှားစွာ အထောက်အပံ့ဖြစ်စေသည့်အတွက် ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေး ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဟု ဦးစွာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း (WHO) ၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ညွှန်ကြားချက်များ ပြည့်မီကျင့်သုံးနေကြောင်း ရှင်းလင်းတင်ပြခဲ့ပြီးနောက် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်

# ကျိုက်ထိုမြို့နယ်၌ ရွှေ့လျားစနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေး

**ကျိုက်ထို ဒီဇင်ဘာ ၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့ မွန်းလွဲပိုင်းက ရွှေ့လျားစနစ်ဖြင့် စာအုပ်စာစောင်ငှားရမ်းပေးခြင်းများကို လိုက်လံ ဆောင်ရွက်ခဲ့ကြသည်။

ရွှေ့လျားစာကြည့်တိုက် ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျိုက်ထိုမြို့နယ်အတွင်းရှိ ပြည်သူ့စာကြည့်တိုက်နှင့်အလှမ်းဝေးသော ကော့စနိုင်ရပ်ကွက် ဘောဂနာ(၃)လမ်းရှိ ပြည်သူများအား သုတ/ရသစာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ ပြန်လည်အပ်နှံသည့် စာအုပ်များသိမ်းဆည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ကျိုက်ထိုမြို့နယ်အတွင်း စာဖတ်ရှိန်မြင့်မားရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် ပြည်သူ့စာကြည့်တိုက်သို့ လာရောက်နိုင်ခြင်းမရှိသူများအတွက် ရွှေ့လျားစနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး အခြေခံပညာကျောင်းများသို့ လစဉ်ပုံမှန် နယ်လှည့်အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

# ရွှေပြည်သာ အထက(၄)၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ အမှတ်(၆၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနတို့ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါကျောင်း အောင်ဆန်းခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးဇော်ထွန်းမိုး၊ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူးဇော်ဇော်စိုးနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနမှ စစ်ဆေးရေးမှူး ဦးအောင်ကျော်စိုးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောကြပြီး ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

# အထကသဲကုန်း၌ လူငယ်စကားဝိုင်းကျင်းပ

**သဲကုန်း ဒီဇင်ဘာ ၆**

သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းမှုဖြင့် အထက သဲကုန်း သာဓုခန်းမ၌ ယနေ့နံနက်၁၀နာရီက လူငယ်စကားဝိုင်းကျင်းပသည်။

အဆိုပါစကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေး၊ မြို့နယ်စာရေးဆရာအသင်းနှင့် ဦးထက်ပိုင်မင်း(ကိုပိုင်-သဲကုန်း)တို့က ဦးဆောင်၍ လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် Grade-10 မှ မအေးပြည့်စုံထွန်း၊ လူငယ်နှင့် မူးယစ်ဆေး ခေါင်းစဉ်ဖြင့် Grade-10 မှ မအေးမြတ်မြတ်သိမ်မ်၊ လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်ဖြင့် Grade-10 မှ မောင်ခင်မောင်ထွေး၊ လူငယ်နှင့် အားကစား ခေါင်းစဉ်ဖြင့် Grade-10 မှ မောင်စိုင်းမင်းနောင်တို့က ဦးဆောင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်ဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့သည့် ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၏ တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်ဖြင့် နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ လေ့လာရေး သွားရောက်ခဲ့သည့် ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်း၌ ကျင်းပသည်။

**ပြောကြား**

ပထမဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ဝန်ထမ်းများ နိုင်ငံရပ်ခြားအတွေ့အကြုံရရှိစေရန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ ယဉ်ကျေးမှုကိုသိရှိစေရန်နှင့် ရရှိလာသော အတွေ့အကြုံ ဗဟုသုတများကိုအခြေခံ၍ မိမိတို့၏စွမ်းဆောင်ရည်များ တိုးမြှင့်လာစေရန် ရည်ရွယ်ကြောင်း၊ ရရှိလာသည့်အတွေ့အကြုံများကို မိမိဌာန၊ မိမိနိုင်ငံအတွက် မည်ကဲ့သို့လက်ဆင့်ကမ်း မျှဝေအသုံးချနိုင်မည်ကို စဉ်းစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိဘဝတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်တိုင်းရင်းသားများ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်လို၊ တိုင်းရင်းသားလူမျိုးများ၏ ဒြပ်ရှိ/ ဒြပ်မဲ့ ယဉ်ကျေးမှုနှင့် စာပေများကို အပြန်အလှန် ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန်၊ တိုင်းရင်းသားရေးရာယဉ်ကျေးမှု ဖလှယ်ရေး အစီအစဉ်များကို ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံ၏ တိုင်းရင်းသားရေးရာ ယဉ်ကျေးမှု ဖလှယ်ရေး အစီအစဉ်ကဲ့သို့ မဲခေါင်ဒေသရှိ အခြားနိုင်ငံများမှ လည်း စီမံချက်တင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများရှိ တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းများနှင့် သက်ဆိုင်သည့် ပွဲတော်များအား ကျင်းပရန် စသည့် အချက်များကို သဘောတူချမှတ်နိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အထွေထွေ ဆွေးနွေးတင်ပြကြရာ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက လာအိုခရီးစဉ် သွားရောက်ရသည့် ရည်ရွယ်ချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၁၂၄) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၌ ယနေ့နံနက် ၈ နာရီတွင် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၁၂၄)၏ သင်တန်းဖွင့်ပွဲ အခမ်းအနားကို Online Learning System ဖြင့် ကျင်းပရာ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပါမောက္ခချုပ်ဦးဇော်ဇော်က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၁၂၄)သို့ သင်တန်းသား ၁၈၅ ဦး၊ သင်တန်းသူ ၂၁၈ ဦး စုစုပေါင်း ၄၀၃ ဦး တက်ရောက်လျက်ရှိပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်အထိ Distance Learning ဖြင့်လည်းကောင်း၊ ၂၀၂၃ ခုနှစ် မတ် ၆ ရက်မှ ၃၁ ရက်အထိ In-House Learning ဖြင့်လည်းကောင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၀ွမြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်

**၀ွ ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ် ၀ွမြို့တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဖုန်းပြုပြင်နည်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇာနည်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်က သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်ပေါင်း ၂၀ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပဲခူးတက္ကသိုလ်၌ ဘာသာရပ်သုံးခုတွင် Ph.D သင်တန်းစတင်ဖွင့်လှစ်မည်

**နေပြည်တော် ဒီဇင်ဘာ ၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၁ နာရီတွင် ပဲခူးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး အခြေခံပညာအထက်တန်းကျောင်း(ဘုရားကြီး)နှင့် ပဲခူးမြို့အခြေခံပညာအလယ်တန်းကျောင်း-၆၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းများသို့ရောက်ရှိပြီး ကျောင်း၌ပဓိရုပ်ကောင်းမွန်ရေးအတွက် ကျောင်းစကြီ်လမ်းများပြုပြင်ခြင်း၊ ကျောင်းဝင်းအတွင်း စာသင်ဆောင် စာသင်ခန်းမျက်နှာကြက်များ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ခြံစည်းရိုးများ ပြန်လည်ပြုပြင်ဆေးသုတ်ခြင်း လုပ်ငန်းများ၊ သောက်ရေသန့်ရရှိရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတက္ကသိုလ်စုဝေးခန်းမ၌ ပဲခူးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်အသက်သည် သုတေသနလုပ်ငန်းဖြစ်ကြောင်း၊ တက္ကသိုလ်၏ သုတေသနလုပ်ငန်းများ အောင်မြင်စေရန် လိုအပ်သည့်သုတေသနသုံးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ အင်တာနက်ဝိုင်ဖိုင်မရှိသေးသော အဆောင်များကို အင်တာနက်ရရှိရန် ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ စာအုပ်စာတမ်းများ ဝယ်ယူနိုင်ရန်အတွက် ဌာနတစ်ခုချင်းစီကိုလည်း ရန်ပုံငွေများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပဲခူးတက္ကသိုလ်၌ ဘာသာရပ်သုံးခုတွင် Ph.D သင်တန်း စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် သင်ကြားရေးပိုင်းတွင် သာမက သုတေသနလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက်ပါ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများကိုလည်း အမှန်တကယ် တတ်မြောက်သော ပညာတတ်များ ဖြစ်လာစေရေး လေ့ကျင့်မွေးထုတ်ပေးကြစေလိုကြောင်း၊ တစ်ဦးနှင့်တစ်ဦး မေတ္တာထား၍ ဆောင်ရွက်

မှုသာလျှင် လုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဆရာ ဆရာမများက ဘာသာရပ်/ဌာနအလိုက် လိုအပ်သည်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ လှည်းကူးပညာရေးဒီဂရီ ကောလိပ်မှ သင်တန်းသားကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။ **သတင်းစဉ်**

# အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်ခဲ့ပြီး အယူခံဖြင့် အလုပ်ပြန်လည်ဝင်ရောက်သည့် ကရင်ပြည်နယ်အတွင်းရှိ ဆရာ ဆရာမ ၉၃ ဦးကို ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်ခဲ့ပြီး အယူခံဖြင့် အလုပ်ပြန်လည်ဝင်ရောက်လာသော ပညာရေးဝန်ထမ်း ဆရာ ဆရာမ ၉၃ ဦးအား ယနေ့ နံနက်ပိုင်းတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ တွေ့ဆုံ၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အယူခံဖြင့် အလုပ်ပြန်လည်ဝင်ရောက်လာသော ပညာရေးဝန်ထမ်း ဆရာ ဆရာမ ၉၃ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၈၆၀၀၀ ကို တာဝန်ရှိသူထံ ထောက်ပံ့ပေးအပ်ပြီး ပညာရေးဝန်ထမ်း ဆရာ ဆရာမများကိုယ်စား ဆရာမတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အလုပ်ပြန်လည်ဝင်ရောက်လာသော ပညာရေးဝန်ထမ်း ဆရာ ဆရာမများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

ယခုကဲ့သို့ ထောက်ပံ့ပေးအပ်ခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်ခဲ့ပြီး အလုပ်ပြန်လည်ဝင်ရောက်လာသော

ဆရာ ဆရာမ ၂၆၅ ဦးကိုလည်း ၂၀၂၂ ခုနှစ် မတ် ၁ ရက်က ပထမအကြိမ်အနေဖြင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ရာ ယခုအခါ ကရင်ပြည်နယ်အတွင်း အလုပ်ပြန်လည်ဝင်ရောက်သည့် ဆရာ ဆရာမ စုစုပေါင်း ၃၅၈ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၅ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ သံလွင်တံတားလမ်းဆုံ-ရွှေယဉ်မျှော်-နောင်လုံ လမ်းပိုင်း သုည ဒသမ သုည ကီလိုမီတာမှ ၅ ဒသမ ၅ ကီလိုမီတာအတွင်း ( ၄ ဒသမ ၇၆ ကီလိုမီတာ)ကို ၂၄ ပေအကျယ် ကတ္တရာကွန်ကရစ်လမ်းမှ ၃၆ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အေးကိုမိသားစု BOT ကုမ္ပဏီမှ လမ်းတိုးချဲ့အဆင့်မြှင့်တင်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်လမ်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးအောင်ညိုနှင့် တာဝန်ရှိသူများက လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ



ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါကြီးကြပ်စစ်ဆေးပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆိုင်ရာ သိမှတ်ဖွယ်ရာစာအုပ်များ၊ လက်ကမ်းစာစောင်များနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အမှတ်တံဆိပ်ပါ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ်ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်း ဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကို ခွဲခြားတွေးတောသည့်အခြေခံစဉ်းစားတွေးခေါ်မှုမှန်ကန်စေရန်အတွက် ပညာရေးဝန်ကြီးဌာန အခြေခံပညာအဆင့် (မူလတန်းနှင့် အလယ်တန်းအဆင့်)များမှ စတင်၍ အသိပညာပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ဆွေးနွေးဆောင်ရွက်**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၌ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် ဆရာကိုင် စာအုပ်များမှ သင်ခန်းစာနှင့် ပညာပေးအစီအစဉ်ပါ အကြောင်းအရာများကို ဖော်ပြဆွေးနွေးဆောင်ရွက်သည်။

အဆိုပါအစီအစဉ်သို့ မူလတန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူ ၂၀၀ တက်ရောက်ခဲ့ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်ဦးနှင့် ပညာ

**သတင်းစဉ်**

# ကော်ဖီအကြောင်း သိကောင်းစရာအဖြာဖြာ

ပေါက်ပေါက်

**ကော်ဖီရာဇဝင်**

အီသီယိုးပီးယားနိုင်ငံသည် ကမ္ဘာ့ပထမဆုံး နိုင်ငံအဖြစ် (၉) ရာစုခန့်ကတည်းက အစပြု ကော်ဖီကို သောက်သုံးလာခဲ့ရာ (၁၆) ရာစုနှစ် ရောက်သောအခါ ကမ္ဘာတစ်ဝန်း၌ "အာရေဗျဝိုင်"ဟု ရေပန်းစားလာခဲ့သည်။ ယနေ့ထိတိုင် ကော်ဖီကို လူမျိုးမရွေး၊ ဘာသာမရွေး အာသာငမ်းငမ်း သောက်သုံးလျက်ရှိကြသည်။ စစ်တမ်းများအရ ကမ္ဘာပေါ်တွင် အာရေဗီကာကော်ဖီစေ့ကို ၇၀ ရာခိုင်နှုန်း အသုံးပြုကြကြောင်း၊ ရိုဘက်စတာ ကော်ဖီစေ့ကို အသုံးပြုမှုနည်းသော်လည်း အခါးဓာတ်များ၍ ကဖိန်းဓာတ် နှစ်ဆပိုသဖြင့် နှစ်သက်သူများကြောင်း၊ လက်ရှိကမ္ဘာပေါ်တွင် ကုန်သွယ်မှု အများဆုံး ရပ်တည်လျက်ရှိသည့် ထုတ်ကုန်မှာ ရေနံဖြစ်ပြီး ဒုတိယမြောက် ကုန်သွယ်မှုအများဆုံး ထုတ်ကုန်မှာ ကော်ဖီဖြစ်ကြောင်း လေ့လာသိရှိရသည်။

**စျေးကွက်ဝင် မြန်မာ့ကော်ဖီ**

မြန်မာ့ကော်ဖီစျေးကွက်တွင် ပြည်တွင်း၊ ပြည်ပ ဝယ်လိုအားကောင်းလာသောကြောင့် ကော်ဖီစေ့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀၀ ခန့်အထိ ပေါက်စျေးနှုန်းရှိကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှ သိရသည်။ ယခင်က ကော်ဖီတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၀၀ မှ ၄၅၀၀ ခန့် ပေါက်စျေးရှိနေသော်လည်း လက်ရှိတွင် ဝယ်လိုအား မြင့်တက်လာသောကြောင့် အမေရိကန်ဒေါ်လာ ၄၅၀၀ မှ ၅၀၀၀ အထိ စျေးရရှိနေခြင်းဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ဧက စုစုပေါင်း နှစ်သိန်းကျော်ကို အကောင်အထည်ဖော် စိုက်ပျိုးလျက်ရှိရာ ဧက ၅၀၀၀ ကျော်သာ အောင်မြင်ဖြစ်ထွန်းပြီး နှစ်စဉ် ကော်ဖီစေ့ တန်ချိန် ၉၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

အဆိုပါ ကော်ဖီများကို ပြည်တွင်း၌ ဖြန့်ဖြူးရောင်းချလျက်ရှိသည့်အပြင် ပြည်ပနိုင်ငံများဖြစ်သော ဆွစ်ဇာလန်၊ ထိုင်ဝမ်၊ တရုတ်၊ ထိုင်း၊ အမေရိကန်၊ ဒူဘိုင်း၊ ဗြိတိန်၊ အိုက်စလန်၊ တောင်ကိုရီးယား၊ ဂျပန်နှင့် ဂျာမနီနိုင်ငံများသို့လည်း တင်ပို့ရောင်းချ လျက်ရှိရာ ယခုနှစ်တွင် ကော်ဖီစေ့တန်ချိန် ၅၀၀ နီးပါး တင်ပို့ထားပြီးဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ကော်ဖီကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်နှင့် ရှမ်းပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင်လည်း အနည်းငယ်စိုက်ပျိုးကြောင်း သိရသည်။

နိုင်ငံတကာတွင် ကော်ဖီကို တန်ဖိုးထားမက်မောစွာသောက်သုံးကြသလို မြန်မာနိုင်ငံတွင်လည်း ကော်ဖီသောက်သုံးသည့် အလေ့အထရှိကြသည်။ မြန်မာနိုင်ငံ၌ စျေးကွက်ဝင်ကော်ဖီမျိုး စိုက်ပျိုးလျက် ရှိပါသည်။ လက်ရှိ ကော်ဖီစိုက်ဧက သုံးသောင်းကျော်ရှိပြီး ဒေသအလိုက် ကော်ဖီစေ့မှ ကော်ဖီမှုန့်ဖြစ်လာသည့် အာရေဗီကာနှင့် ရိုဘက်စတာမျိုး နှစ်မျိုးကို အဓိကစိုက်ပျိုးကြသည်။ ပြင်ဦးလွင်ဒေသသည် ကော်ဖီစိုက်ပျိုးမှု အများဆုံးဖြစ်ပြီး ကော်ဖီစိုက်ဧက တစ်သောင်းကျော်ရှိကာ စျေးကွက်အတွင်း နာမည်ရရှိပြီးဖြစ်သည်။

ပြင်ဦးလွင်၌ ကျင်းပသည့် သတ္တမအကြိမ် မြောက် ကော်ဖီအရည်အသွေး အကဲဖြတ်ပြိုင်ပွဲတွင် ထုတ်လုပ်မှု အမျိုးအစားအလိုက် အဆင့်အမြင့်ဆုံး ကော်ဖီဆုများကို ပင်လောင်း၊ ရွာငံ၊ ဟိုပုံး၊ ပြင်ဦးလွင်နှင့် နောင်ချိုဒေသတို့မှ ကော်ဖီလုပ်ငန်းရှင်များက ရရှိသွားကြသည်။ ပြိုင်ပွဲတွင် ကော်ဖီများ၏ အရည်အသွေးနှင့် အနံ့အရသာတို့ကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ လိုင်စင်ရ ပြည်ပပညာရှင်၊

ပြည်တွင်းပညာရှင်များက မြည်းစမ်းစိစစ် ရွေးချယ်ပေးခဲ့ကြခြင်းဖြစ်ရာ ဆုရကော်ဖီများ၏ အရည်အသွေးသည် အဆင့်အမြင့်ဆုံးဖြစ်မည်မှာ ယုံမှားသံသယမရှိ သေချာမည်သာ ဖြစ်ပါသည်။

**ဆေးဖက်ဝင် ကော်ဖီ**

Aroma မျိုးနွယ်ဝင်ဖြစ်သည့် အပင်မှရရှိသောကြောင့် ကော်ဖီက ကျန်းမာရေးအကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်ကြောင်း နိုင်ငံတကာ ကျန်းမာရေးသုတေသီများ၏ မှတ်တမ်းတချို့ကို အောက်ပါအတိုင်း လေ့လာသိရှိရသည်။

ကော်ဖီတွင် ရောဂါပိုးမွှားများကို တိုက်ဖျက်ကာကွယ်ပေးနိုင်သည့် ခန္ဓာကိုယ်အကျိုးပြုဓာတ်တိုးဆန့်ကျင်ပစ္စည်း (ခေါ်) antioxidant အာဟာရဓာတ်သတ္တု များစွာပါဝင်နေသည်။ ခန္ဓာကိုယ်တွင်း အဆီလောင်ကျွမ်းမှုကို ကော်ဖီက အားပေးကူညီပေးနိုင်သည်။ အသည်းကို အားကောင်းလာစေသည်။

ပါကင်ဆန် (ခေါ်) အသက်ကြီး၍ ခြေတုန်၊ လက်တုန်ရောဂါများနှင့် အယ်လ်ဇိုင်းမား (ခေါ်) ဦးနှောက်ဇရာကြိုရောဂါများ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။ ထို့ကြောင့် အသက် (၆၅)နှစ်အထက် သက်ကြီးပိုင်းများကို ကဖိန်းဓာတ်နည်းသော ကော်ဖီပျော့ပျော့ နေ့စဉ်တိုက်ကျွေးသင့်ကြောင်း the University of South Florida နှင့် the University of Miami တို့မှ သုတေသီများက အကြံပြုထားကြသည်။

အချိုမပါသောကော်ဖီ တစ်နေ့ နှစ်ခွက် ပုံမှန်သောက်ခြင်းက ဆီးချိုရောဂါအမှတ်-၂ ဖြစ်နိုင်ခြေကို ၅၀ ရာခိုင်နှုန်း လျှော့ချပေးကြောင်း The American Chemical Society က အကြံပြုထားသည်။ ကဖိန်းဓာတ်က သွေးထဲရှိ ဖက်တီးအက်စစ် ပမာဏကိုတိုးပွားစေကာ ထိုအက်စစ်များကို ခန္ဓာကိုယ်ကြွက်သားများက စုပ်ယူလောင်မြိုက်ပေးသဖြင့် ကိုယ်လက်ကိုက်ခဲနာကျင်ခြင်းကို သက်သာစေသည်။ အထူးသဖြင့် မာရသွန်၊ ပြေးခုန်ပစ်၊ ကြက်တောင်နှင့် စက်ဘီးစီး စသည့် အားကစားသမားများအတွက် ကော်ဖီက အထောက်အကူပြုကြောင်း The New York Times မှာ ဖော်ပြထားသည်။

အမျိုးသား အမျိုးသမီးဦးရေ စုစုပေါင်း တစ်သိန်းကျော်ကို အနှစ် ၂၀ ကြာ သုတေသနပြုပြီးနောက် ကော်ဖီက အရေပြားကင်ဆာနှင့် ရင်သားကင်ဆာဖြစ်နိုင်ခြေ လွန်စွာနည်းပါးစေကြောင်း အမေရိကန်ပြည်ထောင်စု ဘော်စတွန်မြို့ရှိ Brigham and Women's Hospital မှ အကြံပြုထားသည်။

အမေရိကန်တွင် အရက်စွဲနေသူ လူဦးရေ တစ်သိန်းနှစ်သောင်းကျော်ကို ၂၂ နှစ်ကြာ သုတေသနပြုချက်များအရ နေ့စဉ် ကော်ဖီတစ်ခွက် ပုံမှန်သောက်သူများတွင် အရက်ကြောင့်ဖြစ်သည့် အသည်းခြောက်ရောဂါ ဖြစ်နိုင်ခြေအလားအလာ ၂၀ ရာခိုင်နှုန်း လျော့ကျစေကြောင်း လေ့လာသိရှိရသည်။

ကော်ဖီက အရွယ်တင်နုပျိုစေသည့်အပြင် သည်းခြေအိတ်ကျောက်တည်ခြင်း၊ မကြာခဏ မျက်စိပုတ်ခတ်ပုတ်ခတ်လုပ်သူများ၊ သွားပိုးစားခြင်း၊ ဂေါက် (ခေါ်) အဆစ်အမျက်ရောင်ရမ်းနာများ စသည်တို့အတွက် ဆေးဖက်ဝင်ကြောင်း ကျန်းမာရေးသုတေသီများက ဆိုထားသည်။ ကော်ဖီက လူ့သင်ရည် (သားနံရည်)ကြော အဖွဲ့အစည်းကို

> **"နိုင်ငံတကာတွင် ကော်ဖီကို တန်ဖိုးထားမက်မောစွာ သောက်သုံးကြသလို မြန်မာနိုင်ငံတွင်လည်း ကော်ဖီသောက်သုံးသည့် အလေ့အထရှိကြသည်။ မြန်မာနိုင်ငံ၌ စျေးကွက်ဝင်ကော်ဖီမျိုး စိုက်ပျိုးလျက်ရှိပါသည်။ လက်ရှိ ကော်ဖီစိုက်ဧက သုံးသောင်းကျော်ရှိပြီး ဒေသအလိုက် ကော်ဖီစေ့မှ ကော်ဖီမှုန့်ဖြစ်လာသည့် အာရေဗီကာနှင့် ရိုဘက်စတာမျိုး နှစ်မျိုးကို အဓိကစိုက်ပျိုးကြသည်။ ပြင်ဦးလွင်ဒေသသည် ကော်ဖီစိုက်ပျိုးမှု အများဆုံးဖြစ်ပြီး ကော်ဖီစိုက်ဧက တစ်သောင်းကျော်ရှိကာ စျေးကွက်အတွင်း နာမည်ရရှိပြီးဖြစ်**

အဆိပ်အတောက်ပြေစေသည်။ အထူးသဖြင့် orange peel (ခေါ်) အရေပြား အဖုအထစ်ကြမ်းတမ်းခြင်းကို သက်သာစေနိုင်သည်။ ထို့ကြောင့် အရေပြားရောဂါ ရှိသူများက ကော်ဖီမှုန့်ဖြင့် ပြုလုပ်ထားသည့် ဆပ်ပြာ၊ ကရင်မ်၊ လိုးရှင်းများကို အသုံးပြုသင့်ကြောင်း လှပမှုဆိုင်ရာ အရေပြားရောဂါဗေဒ ပညာရှင်များက Beauty Mantra (ခေါ်) အမေရိကန် အလှအပဆိုင်ရာ အင်တာနက်စာမျက်နှာထက်တွင် ရေးသားအကြံပြုထားသည်။

အီတလီနိုင်ငံ ဘာရီမြို့ရှိ ဆေးဝါးသုတေသန ပညာရှင်များက အသက်အရွယ်ကြီးရင့်သူ ၁၄၀၀ အား စမ်းသပ်လေ့လာခဲ့ရာ၌ မပြင်းလွန်း၊ မပျော့လွန်း (အလယ်အလတ်စား) ကော်ဖီသောက်သုံးသည့် အလေ့အကျင့်သည် ဦးနှောက်ကျန်းမာရေးကို

အထောက်အကူပြုကြောင်း တွေ့ရသည်။ အဆိုပါ လေ့လာမှုအား အီတလီ ဘာရီအယ်လ်ဒိုမော်ရိ တက္ကသိုလ်မှ သုတေသီများက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အသက် (၆၅) နှစ်မှ (၈၄) နှစ်အရွယ်ကြား သက်ကြီးပိုင်း ၁၄၄၅ ဦး၏ ကော်ဖီသောက်သုံးခြင်းနှင့် အာရုံကြောဆိုင်ရာ ကျန်းမာသန်စွမ်းခြင်း ဆက်နွယ်နေမှု အပေါ် သုံးနှစ်ကြာအချိန်ယူ၍ လေ့လာခဲ့သည်။ နေ့စဉ် ကော်ဖီနှစ်ခွက်သောက်သုံးခြင်းက ဦးနှောက်ဇာ၏စွမ်းအင်ကို တိုးတက်လာစေနိုင်ကြောင်းနှင့် အဆိုပါတွေ့ရှိမှုအား ဦးနှောက်အမှေ့လွန်ရောဂါနှင့် ပတ်သက်သည့် အယ်လ်ဇိုင်းမားဂျာနယ်တွင် ပုံနှိပ်ဖော်ပြခဲ့ခြင်း ဖြစ်သည်။

**ကော်ဖီသောက်ရန် အသင့်တော်ဆုံးအချိန်**

"သူ့ခါးသက်သက်အရသာလေးက လျှာရင်းမြက်စေသလို နက်ရှိုင်းတဲ့ရနံ့လေးကို ရှူရှိုက်မိတိုင်း စိတ်ဘဝင်ကို ကြည်လင်လန်းဆန်းသွားစေတယ်" ဟု ကော်ဖီချစ်သူများက မှတ်ချက်ချကြသည်။ နိုင်ငံတကာဆေးသုတေသီများ၏ ဆန်းစစ်မှုအရ နံနက်အိပ်ရာနိုးထပြီးနောက် တစ်နာရီခန့်အကြာသည် ကော်ဖီသောက်ရန် အသင့်တော်ဆုံးအချိန်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ ကော်ဖီမသောက်ခင် အစားအစာ အဖတ်တစ်ခုခုဖြစ်စေ၊ ပေါင်မုန့်ကြမ်းတစ်ချပ်ဖြစ်စေ စားပြီးမှသာ ကော်ဖီသောက်ကြပါရန် အကြံပြုထားသည်။ ထို့ပြင်နေ့လယ်စားပြီးနောက် တစ်နာရီကျော်အကြာနှင့် ညနေခင်းအချိန်များက လည်း ကော်ဖီသောက်ရန် သင့်တော်ကောင်းမွန်သည့်အချိန်များ ဖြစ်ပါသည်။

**ကော်ဖီရှောင်ရမည့် အချိန်**

ဗိုက်ထဲတွင် ဘာအစာမျှမရှိသည့်အချိန် ကော်ဖီ လုံးဝမသောက်ပါနှင့်။ ကော်ဖီ အသင့်အတင့် သောက်ခြင်းက ကျန်းမာရေးနှင့် ညီညွတ်ကြောင်းကို သိထားကြပြီးဖြစ်သည်။ အထူးသဖြင့် ကော်ဖီထဲတွင်ပါရှိသည့် ခန္ဓာကိုယ်အကျိုးပြု ဓာတ်တိုးဆန့်ကျင်ပစ္စည်းများက အူမကြီးကင်ဆာမဖြစ်အောင် ကာကွယ်ပေးပါသည်။ သို့သော် အသီးအနှံမျိုးနွယ်ဝင် ကော်ဖီစေ့ထဲတွင် chlorine genic အက်စစ် (ခေါ်) ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါရှိနေကြောင်း တွေ့ရသည်။ အစားအသောက်ဆိုင်ရာ ဓာတ်ခွဲစမ်းသပ်သူများ၏ လေ့လာချက်များအရ ၎င်းဓာတ်တိုးဆန့်ကျင်ပစ္စည်းက ဟာလာဟင်းလင်းဖြစ်နေသည့် အစာအိမ်၊ တစ်နည်းအားဖြင့် ဆိုသော် ဗိုက်ထဲတွင်ဘာအစာမျှမရှိဘဲ ကော်ဖီသောက်မိသည့် အခါ ဆိုးရွားသည့် ဓာတ်ဖောက်ပြန်မှုကို ခံစားရစေနိုင်ကြောင်း တွေ့ရသည်။ **စာမျက်နှာ ၇ သို့** ■

# မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်နှင့် မြန်မာ့သင်္ဘောကျင်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်သို့ရောက်ရှိပြီး ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းကိစ္စရပ်များကို သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန်၊ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ သတ်မှတ် တင်ဒါ လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်နှင့် တာဝန်ရှိသူအဆင့်ဆင့်က အနီးကပ်ကြီးကြပ် ဆောင်ရွက်သွားရန်မှာကြားပြီး ဝန်ထမ်းများအား အစားအသောက်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာသင်ခန်းများ၊ ဘာသာရပ်အလိုက် Lab ခန်းများ၊ Simulator ခန်းများ၊ စာကြည့်တိုက်၊ Reference Room၊ သင်တန်းသားအိပ်ဆောင်နှင့် စားရိပ်သာ၊ Gym ကစားသည့်နေရာ၌ အားကစားပစ္စည်းများထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စားရိပ်သာ၌ ရေကြောင်းအရာရှိလောင်းသင်တန်းသားများနှင့် အတူ လက်ရည်တစ်ပြင်တည်း ခင်မင်ရင်းနှီးစွာ နေ့လယ်စာသုံးဆောင်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ ရေယာဉ်တည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးသည် မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၏ တန်ချိန် ၁၂၀၀၀ ရေလုံလွန်းကျင်း၏ ရေတံခါးပြုပြင်ပြီးစီးမှုနှင့် ဆက်စပ်လုပ်ငန်းများ၏အခြေအနေ၊ ရေယာဉ် ပြင်ဆင်ရေး အလုပ်ရုံနှင့် ရေယာဉ်များရေပေါ်ပြင်ဆင်ရေး ပြုလုပ်နိုင်သည့် ရေကန်၏ လက်ရှိရေတံခါးများ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင် ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲ ဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးထိန်လင်းအောင်<br>ကာကွယ်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သစ်လုပ်ငန်း<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်<br>ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (ခ) | ဦးရဲထွန်းဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အီလက်ထရောနစ်မှတ်ပုံတင်စနစ်<br>ဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့<br>အင်အားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့<br>အင်အားဝန်ကြီးဌာန |
| (ဂ) | ဒေါ်လဲ့လဲ့အေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု<br>ဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

■ **စာမျက်နှာ ၆ မှ**

အသေးစိတ်အနေဖြင့်ဆိုသော် ဟာလာဟင်းလင်းဖြစ်နေသည့် အစာအိမ်ထဲကို ဘလက်ခ်ကော်ဖီ (နို့ လုံးဝမပါသောကော်ဖီကြမ်း) တစ်ခွက်လောင်းထည့်လိုက်သောအခါ အစာခြေအင်္ဂါအစိတ်အပိုင်းများထဲမှ hydrochloric အက်စစ်ထွက်ရှိလာပြီး အစာအိမ်ရောင်ရမ်းနာရောဂါကို ဖြစ်စေသည်။ မည်မျှပင် ကျန်းမာနေသော အစာအိမ်ဖြစ်ပါစေ ထိုကဲ့သို့သောက်သုံးလိုက်ခြင်းကြောင့် hydrochloric အက်စစ်များ အစာအိမ်ထဲတွင် ပျံ့နှံ့သွားပြီးနောက် ထမင်း (သို့မဟုတ်) အဖတ်များ စားပြီးသည့်အခါ ထိုအစားအစာများကို အစာအိမ်က ကောင်းစွာ ချေဖျက်ရန် ခက်ခဲသွားသည်။ ထို့ပြင် ထိုအစားအစာများထဲတွင် ပါရှိသော ပရိုတင်းအာဟာရတန်ဖိုးများမှာလည်း အာနိသင်ပျက်ပြယ်လုနီးပါး ဖြစ်သွားသည်။ ၎င်း၏ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် ရင်ပြည့်ရင်ကယ်ခြင်း၊ အစာအိမ်အက်စစ် အထွက်များခြင်း၊ ပျို့ချင်အန်ချင်ခံစားရခြင်း၊ ဗိုက်နာ ဗိုက်အောင့်ခြင်း၊ အူရောင်လေပွခြင်း စသည်တို့ အပြင် အဆုံးစွန်သော ဆိုးကျိုးအဖြစ် အူမကြီးကင်ဆာကိုပါ ဖြစ်စေနိုင်သည်။

တစ်ဖန် အမေရိကန်နိုင်ငံရှိ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများက အိပ်စက်ခြင်းနှင့် ကော်ဖီသောက်သုံးခြင်းကြောင့် သက်ရောက်မှုများကို လူ ငါးဦးဖြင့် အချိန်တစ်လခွဲကြာ လေ့လာခဲ့ကြရာ (က) ကော်ဖီတွင်ပါဝင်သော ကဖိန်းဓာတ်က ကိုယ်တွင်း ဇီဝဖြစ်စဉ်များကို မိနစ် ၄၀ ခန့် နောက်ကျစေကြောင်း၊ (ခ) ညနေပိုင်း ကော်ဖီသောက်သုံးခြင်းက အိပ်ရာဝင်ချိန်ကို တစ်နာရီခွဲခန့်အထိ နောက်ကျသွားစေကြောင်း၊ (ဂ) ညအိပ်ရာဝင်ချိန်မတိုင်မီ သုံးနာရီအတွင်း ကော်ဖီသောက်သုံးခြင်းက အိပ်ပျော်စေသော ဟိုမုန်းများထုတ်လုပ်မှုကို မိနစ် ၄၀ ခန့် နောက်ကျစေကြောင်း၊ (ဃ) ညနေပိုင်း ကော်ဖီသောက်ခြင်းက အိပ်၍ မပျော်စေရုံသာမက ကိုယ်တွင်းအင်္ဂါများ လှုပ်ရှားလည်ပတ်မှုဖြစ်စဉ်များကို နှေးကွေးသွားစေကြောင်း စသည်ဖြင့် အဖြေထွက်ရှိသည်။ ထို့ကြောင့် ၎င်းအချိန်များတွင်လည်း ကော်ဖီသောက်ရန် မသင့်ပေ။ (၄) အရေးကြီးဆုံးအချက်က နံနက်အိပ်ရာထထချင်း ကော်ဖီကို အလျင်စလို မသောက်ပါနှင့်။ အဘယ်ကြောင့်ဆိုသော် နံနက်အိပ်ရာထထချင်း ကော်ဖီသောက်မိရာ ခန္ဓာကိုယ်ထဲတွင် cortisol ပမာဏ ရုတ်တရက်တိုးပွားလာပြီး ၎င်း cortisol များက ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ်များကို ကြီးမားသည့် အဟန့်အတားဖြစ်စေနိုင်ပါသည်။

**ကော်ဖီသောက်လွန်ကဲခြင်း၏ ဘေးထွက်ဆိုးကျိုး**

ကော်ဖီက အထက်ပါကျန်းမာရေး အကျိုးကျေးဇူးများစွာကို ပေးစွမ်းနိုင်သော်လည်း မွေးရာပါကိုယ်ခံအားနည်းသူများ၊ ကဖိန်းဓာတ်နှင့် ဓာတ်မတည့်သူများ၊ ကဖိန်းဓာတ်ပြင်းပြင်း သောက်သုံးသူများနှင့် ကော်ဖီအမှုန့်ကို မစစ်ခံဘဲ သောက်မိသည့်အခါ ခန္ဓာကိုယ်ကိုအကျိုးယုတ်စေသည့် LDL ကိုလက်စထရောမား မြင့်တက်လာပြီး နှလုံးသွေးကြောရောဂါ၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အာရုံကြောကိုနှိုးဆွ၍ အိပ်မပျော်ခြင်း၊ ကတုန်ကယင်ဖြစ်ခြင်း၊ သွေးတိုးရောဂါ၊ အရိုးပါးရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်း အတွင်းဖုံးလွှာ ထိခိုက်ခြင်း၊ သွားများညိုမည်းခြင်း စသည်တို့ ဖြစ်တတ်သည်။ ထို့ပြင် ကော်ဖီအသောက်များသော ကလေးငယ်များတွင် ခန္ဓာကိုယ်ကြီးထွားမှု နှောင့်နှေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများ၌ သားလျော သားပျက်ခြင်း စသည့်ဘေးထွက်ဆိုးကျိုးများ ဖြစ်စေနိုင်သည်။

တန်ဆေးလွန်ဘေး ဖြစ်တတ်သဖြင့် ကျန်းမာရေးကောင်းမွန်သူ တစ်ယောက်အတွက် ကော်ဖီကို တစ်နေ့သုံးခွက်ထက် ပိုမသောက်သင့်ပေ။ ကော်ဖီကို တစ်နေ့သုံးခွက်ထက် ပိုသောက်သူများတွင် ကျောက်ကပ်ပျက်စီး၍ ဆီးတစက်စက်ကျရောဂါနှင့် အရိုးပါး၊ အရိုးပွရောဂါများ ဖြစ်လာစေနိုင်သည်။ ကော်ဖီကို တစ်နေ့ လေးခွက် သောက်သုံးသူများက မျက်လုံးဖိအား မြင့်တက်လာကာ ရေတိမ်ရောဂါဖြစ်စေနိုင်သည်။ တစ်နေ့ ခြောက်ခွက်နှင့် အထက် သောက်သုံးသူများမှာ ဦးနှောက်ထုထည် ကျုံ့ဝင်လာပြီး ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်စေနိုင်သည်။ အချိန်မတိုင်မီ အသက်တိုစေနိုင်ပါသည်။ ထို့ပြင် ကော်ဖီကို ပါရာစီတမောလ် (သို့မဟုတ်) အကိုက်အခဲပျောက်ဆေးများနှင့်တွဲပြီး လုံးဝမသောက်သင့်ပေ။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ကျန်းမာရေးမကောင်း၍ ကိုယ်ခံအားနည်းသူများက ကော်ဖီကို အထူးလျှော့သောက်သင့်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ကော်ဖီသည် ကမ္ဘာ့စျေးကွက်တွင် ဒုတိယကုန်သွယ်မှု အများဆုံးဖြစ်သည့်အလျောက် ကော်ဖီစိုက်ပျိုးသူများအနေဖြင့် မြန်မာ့ကော်ဖီသည် အနံ့၊ အရသာ၊ အရောင်အသွေး ကောင်းမွန်ရမည်ဖြစ်ပြီး အရည်အသွေးမြင့် ကုန်ပစ္စည်းများကို ပြည်ပပို့ကုန်အဖြစ် ရောင်းချနိုင်မည်ဆိုပါက ကမ္ဘာ့အလယ်တွင် မြန်မာ့ကော်ဖီ စျေးကွက် ခိုင်ခိုင်မာမာရပ်တည်နိုင်မည်ဖြစ်ပါသည်။

ကော်ဖီသည် စိုက်ပျိုးသည့် ရေ၊ မြေ၊ ရာသီဥတု၊ ပထဝီအနေအထားတို့ကိုလိုက်၍ ကော်ဖီစေ့၏ အနံ့၊ အရသာတို့ အမျိုးမျိုးကွဲပြားခြားနားလျက်ရှိရာ မြန်မာ့ကော်ဖီသည်လည်း ကမ္ဘာ့ကော်ဖီစျေးကွက်တွင် အမည်ကောင်းရရှိထားပြီးဖြစ်သလို အရေးပါသည့် တန်ဖိုးမြင့်သီးနှံအဖြစ် တိုးချဲ့စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရန် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည်။ အရည်အသွေးမြင့် မြန်မာ့ကော်ဖီကို ကမ္ဘာ့စျေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် နေရာရရှိလာရေးအတွက် မြန်မာ့ကော်ဖီထုတ်လုပ်သူများနှင့် အဖွဲ့အစည်းများက အားထုတ်ကြိုးပမ်းကြရာတွင် မြန်မာ့ကော်ဖီ၏ ကိုယ်ပိုင်ထူးခြားသည့် အနံ့၊ အရသာတို့ကို သောက်သုံးသူများနှင့် ကမ္ဘာ့စျေးကွက်က သိရှိလာရေးအတွက် စျေးကွက်မြှင့်တင်မှုဆိုင်ရာ မဟာဗျူဟာနည်းပညာများဖြင့် အစီအစဉ်ချမှတ် ဆောင်ရွက်သွားကြစေလိုပါကြောင်း အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။

# (၅၈)ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများညီလာခံနှင့် (၄၂)ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့၏ ဂါဗာနာဘုတ်အဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ (The South East Asian Central Banks (SEACEN) Research and Training Centre) နှင့် ကမ္ဘောဒီးယားနိုင်ငံဗဟိုဘဏ်တို့က ကြီးမှူးကြီးပြု ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိ(ပ်)မြို့၌ ဒီဇင်ဘာ ၅ ရက်တွင် (၅၈)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဂါဗာနာများညီလာခံ (58th SEACEN Governors' Conference/High Level Seminar) နှင့် (၄၂)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့၏ ဂါဗာနာဘုတ်အဖွဲ့ အစည်းအဝေး (42nd SEACEN Board of Governors–BOG Meeting) သို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ တက်ရောက်ခဲ့သည်။

ယင်းနေ့နံနက်ပိုင်းတွင် (၅၈)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့၏ ဂါဗာနာများညီလာခံ (58th SEACEN Governors' Conference/High Level Seminar) ကို ကျင်းပရာ ရှေးဦးစွာ ကမ္ဘောဒီးယားနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ Mr.Chea Chanto နှင့် SEACEN အမှုဆောင်ဒါရိုက်တာ Dr. Mangal Goswami တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ထို့နောက် "Current Policy Challenges" ခေါင်းစဉ်နှင့်စပ်လျဉ်း၍ ဥရောပဗဟိုဘဏ် (European Central Bank–ECB) ၏ အကြီးအကဲ Ms. Christine Lagarde၊ ဟားဗက်တက္ကသိုလ်မှ ပါမောက္ခ Dr. Larry Summers၊ အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ် (Bank for International Settlements–BIS)၏ ဒုတိယ အထွေထွေမန်နေဂျာ Dr. Luiz Pereira da Silva နှင့် စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့၏ ဦးဆောင်ညွှန်ကြားရေးမှူး Mr. Ravi Menon တို့က ဦးဆောင်ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် "The Global and Asia Economic Context"နှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund–IMF)၏ အာရှ–ပစိဖိတ်ဌာနမှ ဒုတိယညွှန်ကြားရေးမှူး Dr. Sanjaya Panth က တင်ပြပြီး တင်ပြချက်အပေါ် ထိုင်းနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ Dr. Sethaput Suthiwartnarueput၊ ဟောင်ကောင်ငွေကြေးအာဏာပိုင်အဖွဲ့၏ ဒုတိယအမှုဆောင် အရာရှိချုပ် Mr. Darryl Chan နှင့် အင်ဒိုနီးရှားနိုင်ငံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ Mr. Dody Waluyo တို့က ဦးဆောင်ဆွေးနွေးကြကာ ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသည့်ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် "Transition Challenges and Scaling Up Climate Financing" နှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၏ ငွေရေးကြေးရေးနှင့် အရင်းအနှီး ဈေးကွက်ဖွံ့ဖြိုးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး Dr. Fabio Natalucci က တင်ပြပြီး တင်ပြချက်အပေါ် ဖိလစ်ပိုင်နိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ Dr. Felipe Medalla နှင့် Institute of Finance and Sustainability ၏ အကြီးအကဲ Dr. Ma Jun တို့က ဦးဆောင်ဆွေးနွေးကြကာ ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသည့် ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် (၄၂)ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့၏ ဂါဗာနာဘုတ်အဖွဲ့ (42nd SEACEN Board of Governors–BOG) အစည်းအဝေးကိုဆက်လက်ကျင်းပရာ SEACEN အမှုဆောင်ဒါရိုက်တာ Dr. Mangal Goswami က SEACEN စင်တာ၏ ၂၀၂၂ ခုနှစ်အတွင်း နည်းဗျူဟာအစီအစဉ် အကောင်အထည်ဖော်မှုဆိုင်ရာ အခြေအနေ၊ ၂၀၂၃ ခုနှစ်တွင် ဆောင်ရွက်မည့်အဆိုပြုလုပ်ငန်းများ၊ ၂၀၂၃ ခုနှစ်အတွက် အဆိုပြုဘတ်ဂျက်လျာထားမှုနှင့် အခြားစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ဗဟိုဘဏ်ဥက္ကဋ္ဌများထံ တင်ပြလမ်းညွှန်မှုခံယူရာ အဖွဲ့ဝင်ဗဟိုဘဏ် ၁၉ ဘဏ်တို့မှ ဗဟိုဘဏ်ဥက္ကဋ္ဌများက ဆက်လက်ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးသည် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲသို့ သွားရောက်၍ ရုံးဝင်းအတွင်းရှိ အဆောက်အအုံများနှင့် ဝန်ထမ်း အိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(လားရှိုး) သင်တန်းကျောင်းခန်းမ၌ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတို့မှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူ၊ သင်တန်းသူများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူ၊ သင်တန်းသူများအတွက် ထောက်ပံ့ငွေများပေးအပ်၍ ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိပြီး အိပ်ဆောင်များ၊ စားရိပ်သာနှင့် သင်တန်းသူများ လက်တွေ့သင်ကြားလေ့ကျင့်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းသို့ ရောက်ရှိခဲ့ပြီး ကျောင်းဝင်းအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကုမ္ပဏီများက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်သင်တန်းကျောင်း ငါးကျောင်း၊ စက်မှုသင်တန်းကျောင်း သုံးကျောင်း၊ အိမ်တွင်းမှုသင်တန်းကျောင်း သုံးကျောင်း တည်ထောင်ဖွင့်လှစ်ကာ ဒေသခံတိုင်းရင်းသား လူငယ်များနှင့် အမျိုးသမီးငယ်များအား အခြေခံပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# Regional Consultative Meeting on Promoting the Establishment of Regional Victim Assistance Network သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၆**

အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ဒီဇင်ဘာ ၅ ရက်တွင် ကျင်းပခဲ့သည့် Regional Consultative Meeting on Promoting the Establishment of Regional Victim Assistance Network သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

**အဖွင့်အမှာစကား ပြောကြား**

အဆိုပါ Regional Consultative Meeting ဖွင့်ပွဲအခမ်းအနားတွင် အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန အမှုဆောင်ညွှန်ကြားရေးမှူး Mr. Prum Suonpraseth က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး H.E. Kwon Hee–seog, Ambassador of the Mission of the Republic of Korea to ASEAN နှင့် H.E. Yeap Samnang, Ambassador/ Permanent Representative of the Kingdom of Cambodia to ASEAN တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့မှ အာဆီယံဒေသတွင်း မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများအား ထောက်ပံ့ရေးကွန်ရက် တည်ထောင်နိုင်ရေးအတွက် နိုင်ငံအလိုက်ကျင်းပခဲ့သည့် အမျိုးသားအဆင့်ညှိနှိုင်းအစည်းအဝေးများမှ ရရှိလာသော အလေ့အထကောင်းများ၊ အခက်အခဲများနှင့် အာဆီယံဒေသတွင်း မိုင်းကြောင့် ထိခိုက်ဒဏ်ရာရသူများ ထောက်ပံ့ရေးကွန်ရက်တည်ထောင်ခြင်းအတွက် အကြံပြုတင်ပြချက်များကို ရှင်းလင်းဆွေးနွေးကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် Regional Consultative Meeting on Promoting the Establishment of Regional Victim Assistance Network သို့ ပါဝင်တက်ရောက်ခြင်းအားဖြင့် မိုင်းထိပြည်သူများအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထောက်အပံ့များပေးရာတွင် မိုင်းရှင်းလင်းရေးဆိုင်ရာ လုပ်ငန်းစဉ်တို့ကို အပြီးသတ်ဆောင်ရွက်ပြီးမှသာ ဆောင်ရွက်ရန် လိုအပ်ခြင်း၊ မသန်စွမ်းသူများအတွက် မှတ်ပုံတင်ခြင်းနှင့် ပံ့ပိုးကူညီမှုပေးခြင်းများကို လေ့လာခဲ့ရကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်တွင် ပိုက်ပြင်ပိုက်ဆက် သင်တန်းဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းကော်မတီ၊ ပြည်နယ်အဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးဆပ်ကော်မတီနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဖွင့်လှစ်သည့် ပိုက်ပြင်ပိုက်ဆက်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ အားကစားနှင့် ကာယပညာဦးစီးဌာန (ပြည်နယ်ရုံး)တွင် ကျင်းပသည်။

အခမ်းအနားသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းရိန်၊ ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကလေးအလုပ်သမားပပျောက်ရေး လုပ်ငန်းကော်မတီ၊ ပြည်နယ်အဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးဆပ်ကော်မတီဝင်များ၊ ပြည်နယ်တာဝန်ခံများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု“စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ကို ဖွဲ့စည်း၍ အလုပ်အကိုင်အမျိုးအစားအလိုက် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျွမ်းကျင်လုပ်သား ၅၀၀၀ ကို အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် စစ်ဆေးအကဲဖြတ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာအထိ လုပ်သားအင်အား ၃၂၀၀ ကျော်ကို စစ်ဆေးအကဲဖြတ်နိုင်ခဲ့ကြောင်း ပြောကြားသည်။

ပိုက်ပြင်ပိုက်ဆက် သင်တန်း(၁/၂၀၂၂)ကို စိုက်ပျိုးရေး၊ စက်မှုလက်မှု၊ ကုန်ထုတ်လုပ်မှု စသည့် လုပ်ငန်းကဏ္ဍများတွင် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးပြီး သင်တန်းဆင်းများကို အလုပ်ခန့်ထားခြင်းဖြင့် မိသားစုဝင်ငွေရရှိစေရန်နှင့် လူမှုစီးပွားဘဝတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယနေ့ဖွင့်လှစ်သည့် ပိုက်ပြင်ပိုက်ဆက်သင်တန်းကို ဒီဇင်ဘာ ၆ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်ကြောင်းနှင့် ပူတာအိုမြို့တွင် အခြေခံဂဟေဆက်သင်တန်းကို ဒီဇင်ဘာ ၈ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းကော်မတီ ပြည်နယ်အဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးဆပ်ကော်မတီက ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget)တွင် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်းကို သင်တန်းသား ၂၃ ဦးဖြင့် (၁)ကြိမ်၊ အခြေခံဂဟေဆက်သင်တန်းကို သင်တန်းသား ၄၆ ဦးဖြင့် (၂)ကြိမ်ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အခြေခံဂဟေဆက်သင်တန်းကို သင်တန်းသား ၃၀ ဖြင့် (၁)ကြိမ်၊ အိမ်တွင်း လျှပ်စစ်သွယ်တန်းခြင်းသင်တန်းကို သင်တန်းသား ၃၆ ဦးဖြင့် (၁)ကြိမ်၊ တစ်လုံးထိုး ဒီဇယ်အင်ဂျင်သင်တန်းကို သင်တန်းသား ၄၀ ဖြင့်(၁)ကြိမ် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ယွန်းပညာကောလိပ်(ပုဂံ)မှ ယွန်းအတတ်ပညာဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပို့ချ

**မန္တလေး ဒီဇင်ဘာ ၆**

အရှေ့တောင်အာရှတွင် တစ်ခုတည်းသော ယွန်းအတတ်ပညာများကို သင်ကြားပို့ချပေးနေသည့် ညောင်ဦးခရိုင် ပုဂံမြို့ဟောင်းရှိ ယွန်းပညာကောလိပ်(ပုဂံ)မှ ယွန်းအတတ်ပညာဒီပလိုမာ (၁)နှစ်သင်တန်း၊ (၂)နှစ်သင်တန်းများကို ပုံမှန်ဖွင့်လှစ် ပို့ချပေးလျက်ရှိရာ ဒီပလိုမာ(၁)နှစ် သင်တန်းကို ဒီဇင်ဘာလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ယွန်းပညာကောလိပ်(ပုဂံ) ကျောင်းအုပ်ထံက သိရသည်။

၁၉၂၄-၁၉၂၅ ပညာသင်နှစ်မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အထိ အခြေခံယွန်းပညာ သင်တန်း ၁၀ဖြာ ဦး၊ အထက်တန်းယွန်းပညာ သင်တန်း ၁၃၃ ဦး၊ ယွန်းအတတ်ပညာဒီပလိုမာသင်တန်း ၁၂၄ ဦး၊ ယွန်းအတတ်ပညာ ဒီပလိုမာ(၁)နှစ်သင်တန်း(ဘွဲ့ရ) ၅၀၊ ယွန်းအတတ်ပညာ ဒီပလိုမာ(၂)နှစ် သင်တန်း (တက္ကသိုလ်ပေါင်းကူး) ၁၁၉၂ ဦး စုစုပေါင်း ၂၅ဖြာ ၄ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

"ဒီပလိုမာ(၁)နှစ် သင်တန်းကိုတော့ ဒီဇင်ဘာလထဲမှာ ဖွင့်သွားမှာပါ။ တက္ကသိုလ်တစ်ခုခုက ဘွဲ့ရရှိပြီးသူများ လျှောက်နိုင်ပါတယ်။ ဒီပလိုမာ(၂)နှစ် သင်တန်းကတော့ တက္ကသိုလ်ဝင်စာမေးပွဲကို ဘယ်ဘာသာတွဲနဲ့ပဲဖြစ်ဖြစ် အောင်မြင်ပြီးသူတိုင်း လျှောက်နိုင်တယ်။ (၂)နှစ်သင်တန်းမှာ စီမံခန့်ခွဲမှုပညာဘာသာရပ်၊ သတင်းအချက်အလက်နှင့် နည်းပညာဘာသာရပ်တွေကိုပါ သင်ကြားပို့ချပေးသွားမှာပါ။ အဆောင်နေထိုင်ခွင့်များကိုလည်း ရရှိမှာဖြစ်ပါတယ်၊ အောင်မြင်ပြီးသူတွေဟာ သန်လျင်နဲ့ စစ်ကိုင်းမှာရှိတဲ့ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်တွေမှာ တတိယနှစ်ကိုပေါင်းကူး တက်ရောက်သင်ကြားခွင့်ရရှိမှာပါ"ဟု ကျောင်းအုပ် ဒေါ်နီလာမြင့်က ပြောသည်။

ယွန်းပညာကောလိပ် တက်ရောက်ခြင်းဖြင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာတစ်ရပ်ဖြစ်သော ပန်းယွန်းအနုပညာကို သင်ယူခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်မြင့်မားစေခြင်း၊ စီးပွားရေးစီမံခန့်ခွဲမှုပညာရပ်များကို လေ့လာတတ်မြောက်စေခြင်းဖြင့် ပြည်တွင်းပြည်ပဈေးကွက်များကို လေ့လာသင်ယူနိုင်ခြင်း၊ ကွန်ပျူတာ၊ စာရင်းကိုင်၊ စာရင်းအင်း၊ စီမံခန့်ခွဲမှု စသည့်ပညာရပ်များကို စီးပွားရေးနယ်ပယ်တွင် လက်တွေ့အသုံးချနိုင်သည်အထိ တတ်မြောက်ကျွမ်းကျင်မှုရှိခြင်း၊ ယွန်းလက်မှုအနုပညာကို တတ်မြောက်ကျွမ်းကျင်ခြင်းဖြင့် နိုင်ငံတကာအနုပညာတက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊ အရှေ့တောင်အာရှယွန်းထုတ်လုပ်သည့် နိုင်ငံများနှင့် နည်းပညာဆိုင်ရာ ပူးပေါင်း ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

မြန်မာ့ရိုးရာ လက်မှုအနုပညာတစ်ခုဖြစ်သော ယွန်းထည်လုပ်ငန်း အတတ်ပညာနှင့် နည်းစနစ်များကို တိမ်ကောပပျောက်မှုမရှိစေရန် အစဉ်ထိန်းသိမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယွန်းထည်လုပ်ငန်းအတတ်သင်ကျောင်းကို ၁၉၂၄ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် မြန်မာ့ယွန်းသိပ္ပံအဖြစ်လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် ယွန်းပညာကောလိပ်သို့ တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

# ဗော်ဘီမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများ ကျင်းပ

**မော်ဘီ ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း(သန္ဓေပင်)၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြိုအားကစားပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် အဆိုပါကျောင်းအားကစားကွင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူးဒေါ်မြင့်သန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ အထက(သန္ဓေပင်)ကျောင်းမှ ကျောင်းသား ကျောင်းသူများက ဘောလုံး၊ ရွှေစွန်ညိုကစားနည်း၊ ကြက်ခွပ်၊ ကြိုးခုန်၊ တန်းကျော်နှင့် ထုပ်ဆီးတိုးပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ကစားကြပြီး ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဥာဏ်ဟိန်း**

# မုန်တိုင်းငယ်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၆**

ယနေ့ ည ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါ မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၄၈၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၆၀၀ ခန့်၊ သီရိလင်္ကာနိုင်ငံ ဂျက်ဖ်နာမြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၄၆၅ မိုင်ခန့်နှင့် အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၅၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွှေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

## သတိပေးနှိုးဆော်ချက်

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ နောက် ၇၂ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီးလှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

## အကြံပြုချက်

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏ အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၂၁)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ (၈၊ ၉)ရက် တို့တွင် MICC-2 နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါသည်။

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၆**

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေး" ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားဆောင်ရွက်မှုများကို မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်ကစ၍ ဆောင်ရွက်ခဲ့သည်မှာ ယခုဆိုခြောက်နှစ်တိုင်ပြီဖြစ်ကြောင်း၊ ၂၀၂၂ခုနှစ်တွင် ကိုဗစ်-၁၉ရောဂါဖြစ်ပွားဆဲဖြစ်သည့်အတွက် အထိမ်းအမှတ်အခမ်းအနားကို ကိုဗစ်ကာလစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်အနေဖြင့် အကြမ်းဖက်ခံရသည့် အမျိုးသမီးများအတွက် လူမှုဝန်ထမ်းဦးစီးဌာန (လားရှိုးမြို့) တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနိုင်သည့် One Stop Women Support Center (OSWSC) ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလိုဆောင်ရွက်သည့် နေရာတွင် ၂၀၁၉-SOP အရ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုနှစ် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုဆောင်ပုဒ်ဖြစ်သည့် "UNITE !: Activism to End Violence Against Women & Girls" "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်ရေး အားလုံးပေါင်းစုလှုပ်ရှားပေး" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျား၊ မ အခြေပြု အကြမ်းဖက်ခံရသူများအတွက် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများ ရရှိနိုင်ရန်အတွက် ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများ အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး၊ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကဒေါက်တာခင်ခင်ထူးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်အမျိုးသမီးကော်မတီအတွင်းရေးမှူး ပြည်နယ်လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူး ဦးထွန်းဦးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပရိုဂျက်တာဖြင့် ဆွေးနွေးတင်ပြကာ တက်ရောက်လာကြသော ပြည်နယ် ခရိုင်/မြို့နယ်အမျိုးသမီးကော်မတီအဖွဲ့ဝင်များက အထွေထွေဆွေးနွေးကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# သာစည်မြို့နယ်တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အသိပညာပေးဟောပြော

**သာစည် ဒီဇင်ဘာ ၆**

မန္တလေး တိုင်းဒေသကြီး သာစည်မြို့နယ်တွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးသဲကိုထွန်းက အမျိုးသမီး အခွင့်အရေးများ၊ အမျိုးသမီးများအပေါ် အကာအကွယ်ပေးထားမှုများ အကြောင်းနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု မဖြစ်စေရန် လိုက်နာနေထိုင်ရန်အချက်များ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်သော ဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များ အကြောင်းကို အသိပညာပေး ဟောပြောသည်။

ဆက်လက်ပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြည်ကြည်က အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့၏ အဖွဲ့ခွဲများ အကြောင်းကို အသိပညာပေး ဟောပြောသည်။ ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က အသိပညာပေး ဟောပြောပွဲသို့ တက်ရောက်လာသော ကျောင်းသူများအား လက်ဆောင်ပစ္စည်းများပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဒီဇင်ဘာ ၆**

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်မည့် "(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ်"အဖြစ် ဆောင်းပါးပြိုင်ပွဲကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် လွတ်လပ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ (၇၅) နှစ် စိန်ရတုတိုင် ဖြတ်သန်းခဲ့သည့် လွတ်လပ်ရေး၏အနှစ်သာရများ၊ သမိုင်းမှတ်တမ်းတစ်လျှောက် အစဉ်အလာကြီးမားခဲ့သည့် လွတ်လပ်ရေးနေ့၏ ပုံရိပ်များနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်မည့် မွန်မြတ်သောရည်ရွယ်ချက်များ အစရှိသည်တို့ကို ဖော်ညွှန်း ရေးသားထားသော ဆောင်းပါးများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်။

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ကြိုက်နှစ်သက်ရာခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြခြင်းမရှိသေးသည့်စာမူများအား Pyidaungsu Font Size 13 ဖြင့် စာမျက်နှာ (၅) မျက်နှာမှ (၇) မျက်နှာ အထိ ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်နှင့် Softcopy CD တစ်ခွေကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ ပေးပို့ရမည်။ ပြိုင်ပွဲဝင် ဆောင်းပါးများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများတွင် အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

ပြိုင်ပွဲဝင်စာမူများကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ စာမူစိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးအမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက် ကျော်လွန်၍ ပေးပို့လာသောစာမူများကို ပြိုင်ပွဲဆောင်းပါးအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး စကားဝိုင်းကျင်းပ

**ဘားအံ ဒီဇင်ဘာ ၆**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီခွဲခန့်က ဘားအံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ လူငယ်စကားဝိုင်းကို ကျင်းပသည်။

လူငယ်စကားဝိုင်းတွင်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးမင်းကျော်ဥာဏ်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘားအံခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက လူငယ်စကားဝိုင်းပြုလုပ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း Grade-11 မှ မောင်မျိုးဇာနည်ဦးက လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-11 မှ မောင်မျိုးဆက်အောင်က လူငယ်နှင့် ပညာရေးခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-9 မှ မလန်းဖြာခြည်က လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 မှ မောင်ဟိန်းမြတ်ခန့်က လူငယ်နှင့် လူမှုဆက်ဆံရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-9 မှ စောသူမြတ်လင်းက လူငယ်နှင့် ကိုယ်ကျင့်တရားခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-11 မှ မောင်ပုညကျော်က လူငယ်နှင့် အိုင်တီနည်းပညာခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကြကြောင်းနှင့် အဆိုပါစကားဝိုင်းဆွေးနွေးပွဲသို့ ကရင်ပြည်နယ် စာကြည့်တိုက်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၅၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာ့ဆန်များ ဘင်္ဂလားဒေ့ရှ်သို့ စဉ်ဆက်မပြတ်တင်ပို့

**ရန်ကုန် ဒီဇင်ဘာ ၆**

နှစ်နိုင်ငံကြား G to G စာချုပ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာ့ဆန်တန်ချိန် ၁၃၀၀၀၀ ကျော် တင်ပို့ပေးလျက်ရှိသည်။

**သဘောတူစာချုပ်ချုပ်ဆို**

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံ အစိုးရအကြား ဆန်စပါးကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ(Memorandum of Understanding-MoU)ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ကြပြီး အဆိုပါ MoU အရ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Directorate General of Food တို့အကြား ဧည့်မထ ဆန် ငါးရာခိုင်နှုန်းရှိ တန်းမြင့်ဆန်တန်ချိန်နှစ်သိန်း တင်ပို့ပေးရန် သဘောတူစာချုပ် (Sales Contract) ကို ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ယင်းနောက် ဘင်္ဂလားဒေ့ရှ်သို့ ကနဦးဆန် တင်ပို့မှုခေါက်ရေအနေဖြင့် MV VTC Ocean သင်္ဘောဖြင့် ဆန်တန်ချိန် နှစ်သောင်းကျော်ကို ပြီးခဲ့သည့် အောက်တိုဘာလနောက်ဆုံးပတ်က ရန်ကုန်ဆိပ်ကမ်းမှ တင်ပို့ခဲ့ရာ နောက်ထပ်တင်ပို့ရန် လိုအပ်နေသည့် ဆန်တန်ချိန်များကို ပုသိမ်စက်မှုမြို့တော် ဆိပ်ကမ်းနှင့် ရန်ကုန်ဆိပ်ကမ်းတို့မှ ဆက်လက်တင်ပို့ပေးနေခြင်း ဖြစ်သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ATN Glory သင်္ဘောပေါ်သို့ ဆန်တန်ချိန် နှစ်သောင်းကျော်ကို ဆက်လက်တင်ပို့ပေးခဲ့ပြီး အဆိုပါသင်္ဘောသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မကြာမီထွက်ခွာမည်ဖြစ်သည်။

ယခုအခါ အဆိုပါသဘောတူညီမှုအရ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလပထမပတ်အထိ ဆန်တန်ချိန် ၁၃၀၀၀၀ ကျော်ကို ဆက်လက်တင်ပို့ပေးလျက်ရှိကြောင်း သိရသည်။

G to G စာချုပ်အရ ကျန်ဆန်တန်ချိန် ခြောက်သောင်းကျော်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်း အချိန်ကန့်သတ်ချက်အပေါ် မူတည်၍ ဒီဇင်ဘာလနောက်ဆုံးပတ်အတွင်း ဆက်လက်တင်ပို့ပေးသွားမည်ဖြစ်သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား G to G စနစ်ဖြင့် ဆန်ရောင်းဝယ်ရေး နားလည်မှုစာချွန်လွှာအရ တင်ပို့ပေးရန်ဆန်များ အနက် ပထမအကြိမ် ဆန်တန်ချိန်တစ်သိန်း၊ ၂၀၂၁ ခုနှစ်တွင် ဒုတိယအကြိမ် ဆန်တန်ချိန်တစ်သိန်း တင်ပို့ပြီးကြောင်း သိရသည်။

**စောသိန်းဝင်း**

# စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ(အလွတ်တန်း) မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ (အလွတ်တန်း) မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက တောင်ဥက္ကလာပ မြို့နယ် ပဒေသာအားကစားခန်းမတွင် ကျင်းပသည်။

ဗန်တိုအတိုက် အမျိုးသမီး/အမျိုးသားတစ်ဦးချင်းနှင့် ဓား တစ်လက်အတိုက် ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ အားကစားသမားများက သိုင်းစွမ်းရည်သရုပ်ပြသမှုများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ဂုဏ်ပြုချီးမြှင့်**

ထို့နောက်ဆုချီးမြှင့်ပွဲကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြသည်။

မြန်မာ့သိုင်းပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ဗန်တိုအတိုက်၊ ဓားသိုင်းအတိုက်၊ လက်သိုင်း၊ ဓားနှစ်လက်သိုင်း၊ တုတ်ရှည်၊ လုံ့ရှည် တစ်လက်အတိုက်ပြိုင်ပွဲများကို ၁၀၁ ဦး၊ အမျိုးသမီး ၉၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်သူတစ်ဦးချင်း ဝင်ငွေမြင့်မားလာရေး ကြိုးပမ်းဆောင်ရွက်

**မုံရွာ ဒီဇင်ဘာ ၆**

နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် လယ်ယာကဏ္ဍများတွင် လုပ်ကိုင်ကြမည့် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်းဝင်ငွေမြင့်မားလာခြင်းမှ တစ်ဆင့် နိုင်ငံ့စီးပွားမြင့်မားလာစေရန်ရည်ရွယ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ယနေ့ နံနက် ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင်ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်းများအတွက် ညှိနှိုင်းအစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စီမံကိန်းအတွက် နွေစပါး ဧက ၆၃၅၀၀ ကို စတင်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး တောင်သူများ၏လိုအပ်ချက်နှင့် တင်ပြမှုရှိလာပါက နွေစပါး ဧကများ တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းနှင့် တိုင်းဒေသကြီးဥပဒေချုပ် ဒေါ်လှလှဝင်းတို့က ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆင်းရှေ့ကြာ(၂) မျိုးစေ့ထုတ်စိုက်ခင်း စိုက်နည်းစနစ် ကွင်းသရုပ်ပြပွဲကျင်းပ

**ချောင်းဆုံ ဒီဇင်ဘာ ၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် နတ်မှော်ကျေးရွာအုပ်စု တောင်သူ ဦးမြင့်ထွန်း၊ ဦးအုံးသွင်တို့၏ လယ်မြေပေါ်တွင် ဆောင်းသီးနှံနေကြာစိုက်နည်းစနစ် ကွင်းသရုပ်ပြခြင်းနှင့် မျိုးစေ့ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်လွင်က စိုက်ပျိုးရေးကဏ္ဍအလိုက်ဆောင်ရွက်ထားရှိသည့် ဆောင်းသီးနှံနေကြာစိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မွန်ပြည်နယ်ဝန်ကြီးချုပ်က တောင်သူများအားတွေ့ဆုံပြီး လိုအပ်သည်များကိုပြောကြားခဲ့ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆောင်းသီးနှံ စိုက်ပျိုးမည့် တောင်သူများအားနေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဆောင်းသီးနှံ နေကြာမျိုးစေ့ထုတ်စိုက်ခင်း စိုက်နည်းစနစ် ကွင်းသရုပ်ပြအခမ်းအနားတွင် ဆင်းရှေ့ကြာ(၂) နေကြာမျိုးစေ့ကို မျိုးစေ့ချစက်ကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါနေကြာမျိုးစေ့စိုက်ခင်းကွင်းသရုပ်ပြစိုက်ဧကမှာ တောင်သူ ဦးမြင့်ထွန်း၏ ယာမြေ ၁၀ ဒသမ ၈၂ ဧက၊ တောင်သူ ဦးအုံးသွင်၏ လယ်မြေ ၁၀ ဒသမ ၂၀ ဧက စုစုပေါင်းစိုက်ခင်းဧက ၂၁ ဒသမ ၀၂ ဧကကို နေကြာမျိုးစေ့ထုတ်စိုက်ခင်းအဖြစ် မျိုးစေ့ချစက်ကိရိယာဖြင့် စိုက်ပျိုးခဲ့ကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ် ဆောင်းသီးနှံ နေကြာစိုက်ပျိုးလျာထားစိုက်ဧက ၃၁၀၀ လျာထားပြီး ယနေ့ထိ နေကြာစိုက်ပျိုးပြီးစီးမှုမှာ ကျေးရွာ ၃၃ ရွာ တောင်သူ ၁၉၄ ဦးမှ ဧက ၆၇၇ ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

**ချောင်းဆုံ(ပြန်/ဆက်)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆၈၀၆ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၇ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၆-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၈၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၀၂,၆၄၈)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၃၄၁) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၈၇၇)ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦးရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွားပြီး သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၁) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထုထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုပ်ပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့်(၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဆင်ဖြူကျွန်းကျောင်းတိုက်နှင့် ဝဲကြီးကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ တိပိဋ္ဌကာလက်ံ ရသာမဏောကျော်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အောင်ပါရမီပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ မွန်ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်ရှိ ရေတွင်းကုန်းကျောင်းတိုက်နှင့် လှိုင်မြို့နယ်ရှိ ရွာမကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မောဒယကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မဟာဂန္ဓာရုံတိုက်သစ်ကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ ဆုကြီးပန်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ဘုံကျော်ကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ဘုံပျံတောရစက်တော်ရာကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သီရိမင်္ဂလာရွှေမန်းကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ မဟာဗောဓိရုံကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြိတ်တက္ကသိုလ် မိသားစု ညစာစားပွဲအခမ်းအနား ကျင်းပ

**မြိတ် ဒီဇင်ဘာ ၆**

မြိတ်တက္ကသိုလ် မိသားစုညစာစားပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက် ညနေပိုင်းတွင် မြိတ်တက္ကသိုလ် ပင်မဆောင်ရင်ပြင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဝင်းဝင်းသန်း၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူးများ)၊ ပါမောက္ခများ၊ စီမံ/ဘဏ္ဍာ(ဌာနမှူး)၊ သင်တန်းရေးရာ(ဌာနမှူး)၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ စုစုပေါင်း ၃၇၅ ဦး တက်ရောက်ကြသည်။

**ပြောကြား**

အခမ်းအနားတွင် မြိတ်တက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဝင်းဝင်းသန်းက ညစာစားပွဲကျင်းပရခြင်းမှာ ဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ မြိတ်တက္ကသိုလ် ဘက်ပေါင်းစုံမှ တိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်၊ ဝန်ထမ်းများအားလုံး အချင်းချင်း ချစ်ခင်ရင်းနှီးစေရန်၊ စည်းလုံးညီညွတ်ပြီး အထက်အောက် အပြန်အလှန် လေးစားစေရန်နှင့် လုပ်ငန်းများအားလုံး ပွင့်လင်းမြင်သာစွာဖြင့် စုပေါင်းဆောင်ရွက်မှုရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက မိမိတို့ တက္ကသိုလ်အတွင်း တိုးတက်ရေး ကိစ္စများကို ဆွေးနွေးတင်ပြကြပြီး ညစာကို အတူတကွ သုံးဆောင်ကြကာ တေးဂီတ ဖျော်ဖြေခြင်းများ၊ ကံစမ်းမဲ ဖောက်ပေးခြင်းများ စုံလင်စွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

**ကောင်းကောင်း(မြိတ်)**

# သစ်တောပညာ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံတွင် တက္ကသိုလ်အဆင့် သစ်တောပညာသင်ကြားခြင်း နှစ်(၁၀၀)ပြည့် (၁၉၂၃-၂၀၂၃) ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မိသားစုက စုပေါင်းသွေးလှူဒါန်းခြင်းကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) သွေးလှူဌာနခ၌ ကျင်းပသည်။

အဆိုပါသွေးလှူဒါန်းရာတွင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ် ဆရာ ဆရာမများ၊ ဝန်ထမ်း၊ ကျောင်းသား ကျောင်းသူ ၁၀၀ က သွေးအမျိုးအစားမျိုးစုံ ပုလင်း ၁၀၀ ကို စုပေါင်းလှူဒါန်းကြပြီး သွေးအလှူရှင်များကို အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဗီယက်နမ်နိုင်ငံ၏ ပလတ်စတစ်ထုတ်ကုန်တင်ပို့မှု ယခုနှစ် ပထမ ၁၁ လအတွင်း ၄ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်

**ဟန္တိုင်း ဒီဇင်ဘာ ၆**

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမ ၁၁ လအတွင်း အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ ပလတ်စတစ်ထုတ်ကုန်တန်ချိန် ၆ ဒသမ ၇ သန်းခန့် တင်ပို့နိုင်ခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၆ ရက်တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ ဗီယက်နမ်နိုင်ငံသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိကာလအတွင်း ပလတ်စတစ်ထုတ်ကုန်တင်ပို့မှုနှင့် စပ်လျဉ်း၍အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံကျော် အသုံးပြုခဲ့ခြင်းကြောင့် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

၂၀၂၁ ခုနှစ်အတွင်းက ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ ပလတ်စတစ်ထုတ်ကုန်တန်ချိန် ၆ ဒသမ ၉ သန်း တင်ပို့နိုင်ခဲ့ခြင်းကြောင့် ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ၏ အထွေထွေစာရင်းအင်းရုံး၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

■

# ကမ္ဘောဒီးယားနိုင်ငံ၏ ကိုဗစ်အလွန် စီးပွားရေးပြန်လည်ဦးမော့လာရေး အာရှဖွံ့ဖြိုးရေးဘဏ်က အမေရိကန်ဒေါ်လာ သန်း ၅၀ ထုတ်ချေးမည်

**ဖနောင်ပင် ဒီဇင်ဘာ ၆**

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာ၌ အခြေစိုက်သည့် အာရှဖွံ့ဖြိုးရေးဘဏ်သည် ကမ္ဘောဒီးယားနိုင်ငံ၏ကိုဗစ်-၁၉ရောဂါအလွန် စီးပွားရေးပြန်လည်ဦးမော့လာရေးအတွက် ကမ္ဘောဒီးယားနိုင်ငံအား အမေရိကန်ဒေါ်လာ သန်း ၅၀ ထုတ်ချေးရန် အတည်ပြုခဲ့ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ဒီဇင်ဘာ ၆ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

အဆိုပါအစီအစဉ်သည် ကမ္ဘောဒီးယားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါအလွန် စီးပွားရေးပြန်လည်ဦးမော့လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပတ်ဝန်းကျင်ကို မြှင့်တင်ရန်နှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs) ကြီးထွားလာစေရန် အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကို ပံ့ပိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေး၏ အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သည့် အထည်ချုပ်လုပ်ငန်း၊ ဖိနပ်နှင့် အထည်အလိတ် ထုတ်လုပ်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကို အဓိကထိခိုက်စေခဲ့ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ အကြီးတန်းစီးပွားရေးပညာရှင် ဆီအွန်အယ်လ်မော်တန်က ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# နယူးဇီလန်နိုင်ငံ၌ လူမှုမီဒီယာများဖြစ်သည့် ဂူဂဲလ်နှင့် မီတာတို့အား ပြည်တွင်းသတင်းဖော်ပြမှုဆိုင်ရာ အခကြေးငွေကောက်ခံရေး ဥပဒေပြဋ္ဌာန်းမည်

**ဝယ်လင်တန် ဒီဇင်ဘာ ၆**

လူမှုမီဒီယာများဖြစ်သည့် ဂူဂဲလ်နှင့် မီတာတို့အနေဖြင့် နယူးဇီလန်နိုင်ငံပြည်တွင်း သတင်းများအား ၎င်းတို့၏ အွန်လိုင်းစာမျက်နှာတွင် ဖော်ပြပါက နယူးဇီလန်မီဒီယာ ကုမ္ပဏီများအား အခကြေးငွေပေးဆောင်ရမည့် ဥပဒေကို ပြဋ္ဌာန်းသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း နယူးဇီလန်အစိုးရက ပြောကြားသည်။

ယခုပြဋ္ဌာန်းမည့် ဥပဒေသည် ဩစတြေးလျှနှင့်ကနေဒါနိုင်ငံတို့တွင် ပြဋ္ဌာန်းထားသော မီဒီယာဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်းဖြစ်ပြီး ယခုပြဋ္ဌာန်းမည့် ဥပဒေအရ လူမှုမီဒီယာများဖြစ်သည့် ဂူဂဲလ်နှင့် မီတာတို့အနေဖြင့် နယူးဇီလန်မီဒီယာများအား ဆုကြေးငွေပေးအပ်သည့်စနစ်ဖြင့် ဆွဲဆောင်စေခြင်းဖြစ်ကြောင်း နယူးဇီလန် အသံလွှင့်လုပ်ငန်းဝန်ကြီး ဝီလီဂျက်ဆင်က ပြောကြားသည်။

ယခုလက်ရှိအချိန်တွင် နယူးဇီလန်နိုင်ငံအတွင်းရှိ ဒေသခံ သတင်းစာများတွင် ထည့်သွင်းနေသည့် ကြော်ငြာများမှာ အွန်လိုင်းတွင် ပြောင်းလဲကြော်ငြာကြသဖြင့် အထက်ပါသတင်းစာများရပ်တည်ရေးအတွက် ငွေကြေးအခက်အခဲရှိသဖြင့် ယခုကဲ့သို့ အထက်ပါသတင်းစာများ၏ အွန်လိုင်းတွင် ဖော်ပြသည့်သတင်းများအတွက် အခကြေးငွေပေးအပ်သည့်ကိစ္စမှာ အကျိုးကျေးဇူးများစွာရှိကြောင်း ၎င်းက ပြောကြားသည်။

ယခုပြဋ္ဌာန်းမည့်ဥပဒေအား ပါလီမန်တွင် မဲခွဲဆုံးဖြတ်သွားရန်ရှိကြောင်း သိရသည်။ ၂၀၂၁ ခုနှစ်တွင် ဩစတြေးလျှနိုင်ငံ၌ အင်တာနက်လုပ်ငန်းကုမ္ပဏီများနှင့် ဒေသခံမီဒီယာလုပ်ငန်းများအကြား သတင်းဖော်ပြမှုညှိနှိုင်းရေးဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့ရာ များစွာအကျိုးကျေးဇူးရှိကြောင်း သိရသည်။

**ကိုးကား – စီဂျီတီအင်န်၊ ဘာသာပြန် – စိုးသူရ**

# အီရန်နိုင်ငံ၌ ပြည်ပအထောက်အပံ့ဖြင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်မည့် အကြမ်းဖက်သမား ၁၂ ဦး ဖမ်းဆီးရမိ

**တီဟီရန် ဒီဇင်ဘာ ၆**

အီရန်နိုင်ငံအတွင်း ပြည်ပအထောက်အပံ့ဖြင့် အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်မည့် အကြမ်းဖက်သမား ၁၂ ဦးကို နိုင်ငံအလယ်ပိုင်း မာကာဇီပြည်နယ်၌ ဖမ်းဆီးရမိခဲ့ကြောင်း အီရန်အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ဒီဇင်ဘာ ၆ ရက်တွင် ပြောကြားသည်။

၎င်းအကြမ်းဖက်သမားများသည် အထက်ပါပြည်နယ်၌ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်နေချိန်တွင် လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း အီရန်အစ္စလာမ္မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ပြောကြားသည်။

၎င်းအကြမ်းဖက်သမားများအား ထောက်ပံ့ပေးသည့် အင်အားစုများမှာ ဂျာမနီနှင့် နယ်သာလန်နိုင်ငံများတွင် အခြေစိုက်ပြီး အီရန်နိုင်ငံအတွင်း အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုဖမ်းဆီးရမိသည့် အကြမ်းဖက်သမားများသည် အီရန်နိုင်ငံ၏ အမျိုးသားလုံခြုံရေးကို ထိခိုက်စေမည့် ဆောင်ရွက်ချက်များကို ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တရုတ်နိုင်ငံ၌ အွန်လိုင်းစနစ်ဖြင့် တိုင်းရင်းဆေးပညာဖွံ့ဖြိုး တိုးတက်ရေး ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည်

**ပေကျင်း ဒီဇင်ဘာ ၆**

တရုတ်နိုင်ငံ၌ တရုတ်တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သတင်းအချက်အလက် နည်းပညာမြှင့်တင်ရေး (၂၀၂၁-၂၀၂၅) ငါးနှစ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံ၌ ၂၀၂၅ ခုနှစ်အရောက်တွင် တရုတ်တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အွန်လိုင်းသတင်းအချက်အလက် နည်းပညာစနစ်တစ်ခုကို ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ပူးပေါင်း၍ မြှင့်တင်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိကြောင်း တရုတ်အမျိုးသားတိုင်းရင်းဆေးပညာဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

အထက်ပါအစီအစဉ်အရ တရုတ်နိုင်ငံတွင် တိုင်းရင်းဆေးပညာဆိုင်ရာ ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် အွန်လိုင်းမှ တရုတ်တိုင်းရင်းဆေးပညာ ဖြင့်ကုသမှုပေးသည့် လုပ်ငန်းများကို လည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် တရုတ်တိုင်းရင်းဆေးရုံများ အချင်းချင်း လူနာအပြန်အလှန်လွှဲပြောင်းကုသခြင်း၊ ဓာတ်ခွဲခန်းများမျှဝေသုံးစွဲခြင်းနှင့် ရောဂါရှာဖွေစစ်ဆေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ပေါက်ချောင်း အလယ်စုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီးကို သတ်ဖြတ်ကာ ဆရာမ လေးဦးကို ဖမ်းဆီးခေါ်ဆောင်သွားပြီး သံယာတော် တစ်ပါး သတ်ဖြတ်

**နေပြည်တော် ဒီဇင်ဘာ ၆**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အချို့တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာ နေထိုင်လျက်ရှိသော ပြည်သူလူထုအချို့အား လူထုအတွင်း အကြောက်တရား လွှမ်းမိုးစေရန်လည်းကောင်း၊ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ရိုးသားစွာဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ အလုပ်တာဝန်များထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား လူအုပ်စုဖွဲ့၍ လက်နက်အားကိုးဖြင့် အတင်းအကျပ် CDM ပြုလုပ်စေပြီး CDM ပြုလုပ်ခြင်းမရှိသူ နိုင်ငံ့ဝန်ထမ်းများကိုလည်းကောင်း၊ ၎င်းတို့နှင့် အမြင်အယူအဆမတူသူ အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုများအား "သူလျှို၊ သတင်းပေး၊ ဒလန်"ဟု စွပ်စွဲ၍ လည်းကောင်း၊ ငါနှင့်မတူ ငါ့ရန်သူ ဟူသည့် တစ်ဖက်သတ်အစွန်းရောက် ဂိုဏ်းဂဏစွဲအပေါ် အခြေခံကာ PDF အမည်ခံအကြမ်းဖက်သမားများက တုတ်၊ ဓား၊ သေနတ်၊ လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများအသုံးပြု၍ ရက်စက်စွာ လုပ်ကြံတိုက်ခိုက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။

ထိုသို့ အကြမ်းဖက်မှုများလုပ်ဆောင်ခဲ့ရာ ယနေ့ မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် PDF အမည်ခံအကြမ်းဖက်သမားများသည် ပေါက်မြို့နယ် ကူးကားကျေးရွာအုပ်စု ပေါက်ချောင်းအလယ်စုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်ကို သတ်ဖြတ်ပြီး ဆရာ ဆရာမ၊ ကျောင်းလုပ်သားတို့ကို ဖမ်းဆီးခေါ်ဆောင်သွားပြီး အဆိုပါကျေးရွာရှိ တေဇိန္ဒရာမကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒအား သတ်ဖြတ်သွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်ပါ ဆရာ လေးဦး၊ ဆရာမ ခြောက်ဦး၊ ကျောင်းလုပ်သားတစ်ဦးတို့မှာ သူငယ်တန်းမှ သတ္တမတန်းအထိ တက်ရောက်ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများအား ပညာသင်ကြားပေးလျက်ရှိစဉ် PDF အမည်ခံအကြမ်းဖက်သမား တဘ္ဆေ(ခ)အေးငြိမ်းဖြိုး ဦးဆောင်သော အင်အား ၂၀ ခန့်သည် ဆိုင်ကယ် ၁၀ စီးဖြင့် လက်နက်ကိုယ်စီကိုင်ဆောင်ရောက်ရှိလာပြီး ဆရာ ဆရာမများအား CDM မလုပ်သဖြင့် ခြိမ်းခြောက်ပြောဆိုကာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်ကို သေနတ်ဖြင့် ပစ်ခတ်ခဲ့၍ ကျောင်းအုပ်ဆရာကြီး ဦးဝင်းနိုင်တွင် သေနတ်ကျည်ထိမှန်ဒဏ်ရာဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကာ ဆရာမများဖြစ်သည့် ပေါက်မြို့နယ် အောက်တံခွန်ရပ်ကွက်နေ ဒေါ်ချမ်းမြေ့သူ ၂၈ နှစ်၊ အောင်တော်မူရပ်ကွက်နေ ဒေါ်ငြေးအိဝင်း ၂၈ နှစ်၊ ဆေးပင်ကြီးကျေးရွာနေ ဒေါ်နှင်းဆီ ၂၈ နှစ်နှင့် ဂန့်ဂေါမြို့နယ် မောက်လင်းကျေးရွာနေ ဒေါ်သီသီခိုင် ၂၃ နှစ်တို့ လေးဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း။

ထို့နောက် အဆိုပါ PDF အကြမ်းဖက်အဖွဲ့သည် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပေါက်ချောင်းအလယ်စုကျေးရွာရှိ တေဇိန္ဒရာမကျောင်းတိုက်သို့ ရောက်ရှိလာပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ သက်တော်(၆၀)နှစ်၊ ဝါတော်(၃၇)ဝါအား အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခဲ့မှုကြောင့် ဆရာတော်သည် ဖြစ်စဉ်နေရာ၌ပင် ရရှိသော ဒဏ်ရာများဖြင့် ပျံလွန်တော်မူသွားခဲ့သည်။

အထက်ပါဖြစ်စဉ်များတွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်လျက်ရှိသော ပြည်သူလူထုများအား ငါနှင့်မတူ ငါ့ရန်သူဟူသည့် တစ်ဖက်သတ် အစွန်းရောက်ဂိုဏ်းဂဏစွဲအပေါ်အခြေခံကာ အကြောင်းမဲ့ရက်စက်စွာ လုပ်ကြံသတ်ဖြတ်မှု ကျူးလွန်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အပြစ်ပေးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ တောင်ရပ်ကွက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးကို PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့ တောင်ရပ်ကွက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးကို ဒီဇင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မြောင်မြို့ တောင်ရပ်ကွက်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးကို PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားလျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် သွားရောက် မီးငြိမ်းသတ်ခဲ့ရာ ၂၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်။

အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းတစ်ထပ် အဆောက်အအုံရုံးတစ်လုံး၊ အဆိုပါရုံးအတွင်း ထိန်းသိမ်းထားရှိသည့် သစ်သားဗီရို ငါးလုံး၊ သစ်သား စားပွဲ ၁၄ လုံး၊ ပလတ်စတစ်ထိုင်ခုံ ၂၀၊ ဖိုင်တင်စင် ၂၄ စင်၊ လျှပ်စစ်မီတာတစ်လုံး၊ ရုံးသုံးတယ်လီဖုန်းတစ်လုံး၊ ရုံးသုံးစာရွက်စာတမ်းများနှင့် ဖိုင်များ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

ထိုသို့နိုင်ငံတော်ပိုင်ရုံး၊အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ပင်လယ်ပြင်အတွင်း စက်ပျက်မျောပါနေသော လှေငယ်တစ်စင်းကို တပ်မတော်(ရေ)မှ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်(ရေ)မှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၅ ရက် နံနက် ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် ထားဝယ်မြို့၏ အနောက်မြောက်ဘက် ရေမိုင် ၄၇ မိုင်ခန့်အကွာရှိမြန်မာ့ပင်လယ်ပြင်အတွင်း၌ လှေငယ်တစ်စင်း စက်ပျက်မျောပါနေကြောင်း သတင်းအရ သွားရောက်ရှာဖွေရာ စက်ပျက်၍ မျောနေသည့် LONG ISLAND အမည်ရှိ လှေပေါ်ပါ လှေသား သုံးဦးနှင့် NORTIC ကုမ္ပဏီဝန်ထမ်း နှစ်ဦးတို့ကို တွေ့ရှိရသဖြင့် စစ်ရေယာဉ်ပေါ်သို့တင်ဆောင်ကာ စက်ပျက်လှေအတွက် လိုအပ်သည့်စက်ပိုင်းဆိုင်ရာပစ္စည်းများ ပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းတုံမြို့နယ်နှင့် ကလောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၆**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မိုင်းတုံမြို့နယ် ဝမ်နားကျေးရွာအုပ်စု ဝမ်ဆာလားကျေးရွာရှိ မင်းအောင်(ခ)မင်းမင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း၊ အလားတူ ဒီဇင်ဘာ ၄ ရက် ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် အောင်ပန်းမြို့ မိုးကောင်းရပ်ကွက်ရှိ ကားဂိတ်တွင် ပြည်မြို့သို့ ပို့ဆောင်ပေးရန် အပ်နှံထားသော ကြက်သွန်ဖြူခြင်း တစ်ခြင်းအား မြင့်ဆွေနှင့် မယဉ်ယဉ်ထွေးတို့က ပြန်လည်ထုတ်ယူသည်ကို မသက်ဘ်သဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၆**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ပုလောမြို့နယ် ပလမြို့တွင် PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ပြည်သူများအား သေနတ်ပြခြိမ်းခြောက်ပြီး ရွှေထည်ပစ္စည်းများအား လုယက်ယူဆောင်ကာ နေအိမ်အားမိုင်းခွဲဖျက်ဆီးမှု"** ခေါင်းစဉ်ဖြင့် ၇-၁၂-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

အလားတူလာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တမူးအကြမ်းဖက်အဖွဲ့၏ လူမြင်ကွင်းတွင် လူမဆန်စွာ သတ်ဖြတ် ခြိမ်းခြောက်မှု"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-စ၉၉၀၉၉၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူစီးနင်းအသုံးပြုလျက်ရှိသည့် YBS ခရီးသည်တင်ယာဉ်များပေါ်၌ အုပ်စုဖွဲ့၍ ခါးပိုက်နှိုက်မှုကျူးလွန်သူများကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး အတွင်းနေထိုင်လျက်ရှိသည့် ခရီးသွားပြည်သူများ သွားလာလှုပ်ရှားရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် တာဝန်ရှိသူများက YBS ခရီးသည်တင်ယာဉ်များအား မြို့နယ်အနှံ့ ပြေးဆွဲပေးလျက်ရှိသကဲ့သို့ မသမာသူလူအုပ်စုများအနေဖြင့်လည်း အဆိုပါ YBS ခရီးသည်တင်ယာဉ်များကို စီးနင်းအသုံးပြုသည့် ခရီးသွားပြည်သူများအား လူအုပ်စုဖွဲ့ကာ ခါးပိုက်နှိုက်၊ လုယက်မှုများ ကျူးလွန်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ရွာလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဒုစရိုက်ကျူးလွန်မှုများအား သတင်းဖော်ထုတ်ခြင်း၊ စောင့်ကြည့်စုံစမ်းဖမ်းဆီးခြင်းများကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့နေ့ညမပြတ် သတင်းဖော်ထုတ်၊ စောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့ရာ YBS ယာဉ်များပေါ်၌ ခါးပိုက်နှိုက်မှုကျူးလွန်သူများသည် ပြစ်မှုကျူးလွန်ပြီးနောက် YGN 3H-4879 နံပါတ်တပ်ဆင်ထားသည့် TOYOTA Probox အဖြူရောင်အင့်ဂျားယာဉ်ဖြင့် ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း ဖော်ထုတ်သိရှိခဲ့ရသဖြင့် ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ပြည်လမ်းနှင့် ခရေပင်လမ်းဆုံ မီးပွိုင့်၊ ခရေပင်လမ်းနှင့် ဒဗည်းကုန်းလမ်းဆုံမီးပွိုင့်တို့တွင် အဖွဲ့ငယ်များခွဲကာ သတင်းအရ စောင့်ဆိုင်းလျက်ရှိစဉ် နံနက် ၈ နာရီခွဲတွင် အဆိုပါယာဉ် အားပြည်လမ်းနှင့် ခရေပင်လမ်းဆုံမီးပွိုင့်၌ တွေ့ရှိစစ်ဆေးရာ ယာဉ်ပေါ်မှ ယာဉ်မောင်းနှင်သူ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ် (၃)ရပ်ကွက် မင်းရဲကျော်စွာလမ်းအမှတ်(၆၄)နေ ဘိုဘိုပြည့်(ခ) ကိုပြည့် (၃၂)နှစ် (ဘ)ဦးမြင့်ဦးနှင့် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် (၁၅)ရပ်ကွက် ပဒုမ္မာလမ်းနေသူများဖြစ်သည့် ကိုကိုအောင်(ခ) ကိုအောင် (၃၂)နှစ် (ဘ) ဦးအောင်ညွန့်၊ စိုးပိုင်(ခ) ဗိုက်ပူ (၂၅)နှစ် (ဘ)ဦးစစ်ငြိမ်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၁၉) ရပ်ကွက် မိုင်းပွန် စော်ဘွားလမ်းနေ ခိုင်မင်းဦး(ခ) ဖိုးသား (၂၁)နှစ် (ဘ) ဦးစိန်မြ၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ရွှေလင်ပန်းကျေးရွာ ထောင်ကျော်ရပ်ကွက် ရွှေစံပါယ်လမ်းနေ ပြည်ဖြိုးကို(ခ) ကုလား (၂၈)နှစ် (ဘ)ဦးမောင်ကို၊ ရွှေပြည်သာ မြို့နယ် (၁၄)ရပ်ကွက် ပန်းခြံ (၂၆) အောင်ချမ်းသာလမ်းနေ ညီညီ (၄၂)နှစ်တို့ ခြောက်ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

တွေ့ရှိ ဖမ်းဆီးရမိသူများနှင့် မော်တော်ယာဉ်အတွင်း ဆက်လက်ရှာဖွေခဲ့ရာ ၎င်းတို့ခါးပိုက်နှိုက်မှုများ ကျူးလွန်ခဲ့ရာမှရရှိခဲ့သည့် အလေးချိန် တစ်ပဲ လေးရွေးခန့်ရှိ မောင်းကွင်းပုံ ရွှေလက်စွပ်တစ်ကွင်း၊ လက်ကိုင်ဖုန်းမျိုးစုံ ရှစ်လုံးနှင့် ငွေစက္ကူရောရာ စ၀၀၀၀ တို့ကို ထမ်မံသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ၎င်းတို့ ခြောက်ဦးသည် ကိုကိုအောင် (ခ) ကိုအောင်၏ ဦးဆောင်မှုဖြင့် YBS ယာဉ်များပေါ်သို့ တက်ကာ ခရီးသွားပြည်သူများထံမှ ငွေ၊ လက်ကိုင်ဖုန်းနှင့် တန်ဖိုးရှိပစ္စည်းများကို ခါးပိုက်နှိုက်မှုများ ကျူးလွန်ခဲ့ကြကြောင်း၊ ထိုသို့ကျူးလွန်ရာတွင် ညီညီ၊ ခိုင်မင်းဦး(ခ) ဖိုးသားနှင့် ပြည်ဖြိုးကို(ခ) ကုလားတို့က လူကာပေးပြီး ကိုကိုအောင်(ခ) ကိုအောင်နှင့် စိုးပိုင် (ခ)ဗိုက်ပူတို့က ခါးပိုက်နှိုက်ယူကာ ဘိုဘိုပြည့်(ခ) ကိုပြည့် မောင်းနှင်သည့် မော်တော်ယာဉ်ဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ခါးပိုက်နှိုက်မှုကျူးလွန်သူတရားခံ ခြောက်ဦးနှင့် ကျူးလွန်ရာမှ ရရှိသည့် အလေးချိန် တစ်ပဲလေးရွေးခန့်ရှိ မောင်းကွင်းပုံ ရွှေလက်စွပ်တစ်ကွင်း၊ လက်ကိုင်ဖုန်းမျိုးစုံ ရှစ်လုံးနှင့် ငွေစက္ကူရောရာ ကျပ် ၈၀၀၀၀၊ ၎င်းတို့စီးနင်းအသုံးပြုခဲ့သည့် YGN 3H-4879 TOYOTA Probox တစ်စီးတို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ထိုသို့လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ တားဆီးဖော်ထုတ်နိုင်ရေး ဆောင်ရွက်ခဲ့မှုများကြောင့် ဖော်ထုတ်ဖမ်းဆီးရမိသည့် ခါးပိုက်နှိုက်မှုများ ပူးပေါင်းကျူးလွန်သူတရားခံခြောက်ဦးကို တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများတားဆီးဖော်ထုတ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး ဒုစရိုက်သမားများ၏ သတင်းများရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။ **သတင်းစဉ်**



ဖြစ်စဉ်တွင် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

တရားခံများထွက်ပြေး တိမ်းရှောင်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာနေ အေးအေးနှင်း သည် ၎င်းအသုံးပြုသည့် “Aye Aye Hnin” Facebook အကောင့်၊ မွန်ပြည်နယ် ဘီးလင်းမြို့ ကန်သာယာရပ်ကွက်နေ ဇော်ဇော်အောင်သည် ၎င်းအသုံးပြုသည့် “Zaw Zaw Aung” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကသာမြို့နယ် မြေနုကျေးရွာအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၆**

စစ်ကိုင်းတိုင်း ဒေသကြီး ကသာမြို့နယ်အတွင်း လုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၆ နာရီတွင် မြေနုကျေးရွာ၏ အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာသို့ အရောက်၌ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ် တိုက်ခိုက်ခဲ့သောကြောင့် မိမိဘက်မှ ပြန်လည်ပစ်ခတ် တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာအတွင်း မီးရှို့ဖျက်ဆီးပြီး ကျေးရွာ အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ကျေးရွာအတွင်း နေအိမ် ၁၆၀ ရှိသည့်အနက် နေအိမ် ၂၀ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ ABSDF တံဆိပ်ပါ ယူနီဖောင်းဝတ်ဆင်ထားသည့် အကြမ်းဖက်သမားအလောင်းအချို့၊ အမ် ၂၂ သေနတ် တစ်လက်၊ ၎င်းကျည်အတောင့် ၄၀၊ ကျည်အိမ် နှစ်ခုနှင့် အခြား ဆက်စပ်ပစ္စည်းများ သိမ်းဆည်း ရမိခဲ့ကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေ တည်ငြိမ်အေးချမ်းရေး အတွက် လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြင်းခြံမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**မြင်းခြံ ဒီဇင်ဘာ ၆**

မန္တလေးတိုင်း ဒေသကြီး မြင်းခြံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တလုပ်မြို့ ကျေးရွာအုပ်စု မြို့ကြီးကုန်း ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဆွေးနွေးမှာကြား**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သက်သက်နွယ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် မြို့ကြီးကုန်း ကျေးရွာတွင် လမ်းအရှည် (၁/၇) မိုင်၊ အကျယ် ၁၂ ပေ၊ ဒု ၂ ပေ ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့ပြီး တင်ဒါအောင်မြင်သော ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာလမ်းကော်မတီဝင်များ၊ ကျေးရွာသူသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် မြို့နယ်ဦးစီးမှူးက ဆွေးနွေးမှာကြားခဲ့သည်။

မြို့ကြီးကုန်း ကျေးရွာတွင် အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၂၄ ဒသမ ၇၈၃ သန်းဖြင့် တင်ဒါအောင်မြင်သော လင်းယုန်အားမာန် ကုမ္ပဏီက ဇွန်လတတိယအပတ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၂

# မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၁၀ | ၁၉၆၀ | ၁၉၅၀ | ၁၉၂၀ | ၁၉၅၅ | ၁၉၈၀ | ၁၉၆၅ | ၁၉၄၅ | ၂၀၃၅ | ၂၀၅၀ | ၁၉၅၀ | ၁၉၆၀ | ၁၉၉၅ | ၁၉၉၅ | ၁၉၉၅ | ၂၂၁၅ | ၂၉၂၀ |
| 95 Ron | ၂၀၀၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၀ | ၂၀၇၅ | ၂၀၆၀ | ၂၀၄၀ | ၂၁၃၅ | ၂၁၅၀ | ၂၀၄၅ | ၂၀၆၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၀ | ၂၃၁၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၂၇၀ | ၂၃၁၅ | ၂၃၁၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၄၀ | ၂၃၃၅ | ၂၃၀၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၁၀ | ၂၃၁၅ | ၂၃၅၀ | ၂၃၅၅ | ၂၃၅၅ | ၂၅၇၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၃၄၅ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၃၉၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၈၀ | ၂၄၉၅ | ၂၄၉၀ | ၂၃၈၅ | ၂၃၉၅ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၀ | ၂၆၅၀ | ၃၆၇၀ |
| HSD (10 ppm) | ၂၃၄၅ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၃၉၀ | ၂၄၁၅ | ၂၄၁၀ | ၂၃၈၀ | ၂၄၉၅ | ၂၄၉၀ | ၂၃၈၅ | ၂၃၉၅ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၀ | ၂၆၅၀ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၁၆ | ၁၈၈၆ |
| 95 Ron | ၁၉၀၉ | ၁၉၈၀ |
| HSD (500 ppm) | ၂၁၆၅ | ၂၂၃၈ |
| HSD (50 ppm) | ၂၂၃၉ | ၂၃၁၃ |
| HSD (10 ppm) | ၂၂၃၉ | ၂၃၁၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၂-၁၁-၂၀၂၂ ရက်နေ့မှအဆက်)

ဝိသာခါက သူ၏ယောကျ္ဗမသည် အဟောင်းကိုသာ စားသောက်ပါသည်ဟု လျှောက်ထားပြီး ဆွမ်းခံနေသော မထေရ်အား ကန်တော့ဆွမ်းပါဟု လျှောက်လိုက်လေသည်။ ဤသို့ဝိသာခါ၏ပြုမူပုံကို မကြိုက်သဖြင့် ချွေးမအား သူယုတ်မာဟုပြော၍ နှင်ထုတ်လေသည်။ ဝိသာခါကလည်း အိမ်မှမသွားနိုင်ပါ။ သူ့ဖခင်ထည့်ပေးလိုက်သော သူကြွယ်ပညာရှိ ရှစ်ဦးကို ခေါ်၍မေးရန် သူဌေးကြီးအားပြောသည်။ သူဌေးကြီးသည် သူ့အား အညစ်အကြေးစားသူဖြစ်ကြောင်း ပြောသည်ဟု စွပ်စွဲသည်။ ဝိသာခါက သူယင်းသို့မပြောပါ။ အစာဟောင်းစားသည်ဟုပြောဆိုခြင်းမှာ သူသည် အတိတ်ဘဝကကုသိုလ်ကံကိုသာ ခံစားကြောင်း၊ ယခုပစ္စုပ္ပန်ကုသိုလ် မပြုကြောင်း ပြောဆိုခြင်းသာဖြစ်ကြောင်း ရှင်းပြလေသည်။

သူကြွယ်ပညာရှိ ရှစ်ဦးသည် ဝိသာခါပြောဆိုသည့်စကားသာမှန်ကြောင်း ဆုံးဖြတ်ပေးလေသည်။ သူဌေးကြီးလည်း ၎င်းတို့ပြောကြားချက်ကို ကျေနပ်၍ ဝိသာခါအား တောင်းပန်လေသည်။ ဝိသာခါက သူသည် ရဟန်းသံဃာများနှင့် ကင်းကွာခြင်းမရှိ၊ ဆွမ်းကပ်လေသည်။ ဤအလုပ်ကို မလုပ်ရလျှင် သူ့အိမ်သို့ပြန်မည်၊ ဆင်းသွားမည်ဖြစ်ကြောင်း သူ့ယောကျ္ဗမသူဌေးအား ပြောလေသည်။ ထိုအခါ ယောကျ္ဗမဖြစ်သူကလည်း ဝိသာခါ အလိုရှိသလိုပြုပါ။ သူမတားမြစ်ကြောင်း ပြောလေသည်။ သူခွင့်ပြုသည်ဖြစ်ကြောင်း ပြောကြားပြန်ပါသည်။

ဝိသာခါသည် တန်ခိုးပြရန် သီတင်းသုံးနေသော ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတို့အား ဆွမ်းဖိတ်ကျွေးရန် နောက်တစ်နေ့နံနက်၌ ပင့်ဖိတ်လေသည်။ ဘုရားရှင်ကြွသည်ဟု ကြားလျှင် တက္ကတွန်းသည် သူဌေး၏အိမ်နောက်ဖေး၌ ဝန်းရံနေကြလေသည်။ ဝိသာခါသည် ဘုရားအမှူးရှိသော ရဟန်းတို့အား ဆွမ်းကပ်ရန် စီစဉ်ပြီးသော် သူ့ယောကျ္ဗမ သူဌေးအား လာရောက်အလုပ်အကျွေးပြုပါလော့ဟု အကြောင်းကြားပါသည်။ သို့သော် ဝိသာခါ၏ ယောကျ္ဗမသည် သူ၏တက္ကတွန်းများ တားမြစ်ခြင်းကြောင့်မလာပါ။

ဝိသာခါသည် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းအစရှိသည်တို့ ကပ်ပြီးသော် သူ့ယောကျ္ဗမသူဌေးအား တရားနာရန် အကြောင်းကြား ဖိတ်လေသည်။

ဤသို့ ဝိသာခါ၏ ဖိတ်ကြားချက်ကြောင့် ယခုအခါ၌ မသွားလျှင် မသင့်လျော်ကြောင်း သူဌေးကြီးသည် သိ၍ သွားလေသည်။ ထိုအခါ တက္ကတွန်းများက ကန့်လန့်ကာနောက်ကွယ်မှ တရားနာလော့ဟု ပြောကြားချက်အတိုင်း သူဌေးကြီးသည် ဘုရားရှင်ဟောကြားသည့်တရားများကို နာလေသည်။

ဘုရားရှင်၏ ရဲရင့်ကြည်လင်ပြတ်သားသော တရားသံဖြင့် မဂ်ဖိုလ်ရကြောင်းတရားမိုး ရွာသွန်းဟောကြားလေသည်။ ဤတရားကို ဝိသာခါ၏ ယောကျ္ဗမသူဌေးကြီးနာရသောကြောင့် သောတာပန်ဖြစ်လာလေသည်။ သူဌေးကြီးသည် ဝိသာခါအား သူ၏မိခင်နှင့်ခိုင်းနှိုင်း၍ ချီးမြှောက်လေသည်။ ဝိသာခါသည် ထိုအခါမှစ၍ မိဂါရမာတာ (မိဂါရမိခင်) ဟူ၍ တွင်လေသည်။

သူဌေးကြီးသည် ဤသာသနာတော်ကို ထိုသို့ လျှုလျှင် မည်မျှအကျိုးရှိသည်ကို သူမသိကြောင်းပြော၍ ဘုရားရှင်အား ပူဇော်ကန်တော့လေသည်။ ချွေးမအပေါ် မှီ၍သိခဲ့ရကြောင်း၊ အပယ်ငရဲမှ လွတ်မြောက်ရကြောင်း လျှောက်ထားပါသည်။

ဝိသာခါသည် နောက်တစ်နေ့ ဘုရားရှင်နှင့် တကွ ရဟန်းတော်များ ဆွမ်းပင့်ဖိတ်ကျွေးသည်။ ထိုသို့ ဘုရားရှင်၏တရားကို နာရ၍ ဝိသာခါ၏ ယောကျ္ဗမသူဌေးကတော်သည် သောတာပန်ဖြစ်သွားလေသည်။ ဤအိမ်သည် ဘုရားရှင်၏ သာသနာတော်အတွက် တံခါးပွင့်သွားလေသည်။

ထို့နောက် သူဌေးကြီးက သူ့ချွေးမ ဝိသာခါသည် သူတို့အပေါ်၌ ကျေးဇူးကြီးမားလှသည်။ ဆုတစ်ခုချီးမြှင့်ရန် ကြံရွယ်လေသည်။ ချွေးမ အလိမ္မာအား သူ၏ဖခင်မှပေးလိုက်သော လေးလံသည့် မဟာလတာတန်ဆာကြီးအား အမြဲဝတ်ရန် မသင့်တော်ဟု သူဌေးကြီးကဆုံးဖြတ်ပြီး နေ့ညမရွေး ဝတ်နိုင်သော တန်ဆာတစ်ခုကို ချီးမြှင့်လေသည်။ တစ်ခဲနက်ပေါ့ပါးသော အဖိုးတစ်သိန်းတန်သည့် "ဃနမဋ္ဌက" အမည်ရှိသော တန်ဆာကို ဆင်ယင်ပေးလေသည်။ ဤမျှနှင့် သူဌေးကြီးသည် ကျေးဇူးပြုလေသည်။

### ဌပွလဝဏ်ထေရီမအကြောင်း

သာဝတ္ထိပြည်၌ ကုဋေတစ်ရာ့ခြောက်ဆယ်ကြွယ်ဝသော ချမ်းသာသည့် သူဌေးကြီးတစ်ဦး ရှိပါသည်။ ၎င်း၌ ကြာညိုအဆင်းနှင့်တူ၍ "ဌပွလဝဏ်" အမည်ရှိ သမီးတစ်ဦး ရှိသည်။ အရွယ်ရောက်သည်ရှိသော် ၎င်းသည် အလွန်လှပချောမောသဖြင့် မြင်မြင်သမျှသော လူအပေါင်းတို့က ချီးမွမ်း၍ အဆင့်ဆင့် ပြောကြ၊ ဆိုကြသဖြင့် ဇမ္ဗူဒီပ၌ သူမ အလှအပကြောင့် ကျော်ကြားလေသည်။

ထိုသို့ကျယ်ပြန့်သော သတင်းကြောင့် တစ်ရာ့တစ်ပါးသောမင်းတို့သည်လည်းကောင်း၊ စည်းစိမ်ကြီးကျယ်ချမ်းသာသော သူကြွယ်တို့သည်လည်းကောင်း အောင်သွယ်တမန်တို့ဖြင့် သူဌေးကြီးထံသို့ ဌပွလဝဏ်မင်းသမီးကို တောင်းခံလာကြသည်။ သူဌေးကြီးတို့၏ဆန္ဒကိုလည်းကောင်း၊ သူဌေး သူကြွယ်တို့အလိုကိုလည်းကောင်း မလိုက်လျောနိုင်သောကြောင့် မင်းသမီး၏ဖခင်သည် ဤသို့ကြံ၍ မင်းသမီးအား ပြောလေသည်။ သူတို့တွင် ၎င်းတို့၏ ရန်အသွယ်သွယ်ကို ခံရတော့မည့်အခြေရှိသည်။ ထိုမှ လွတ်မြောက်ရန် ရှောင်ရမည့်နည်းလမ်းမှာ ရဟန်းပြုမှသာလျှင် လွတ်မည်ဖြစ်၍ သမီးအား ရဟန်းဝတ်ရန် ပြောလေသည်။ သူဌေးသမီးကလည်း ဖခင်မပြောမီကပင် သူသည် ရဟန်းဝတ်လိုသော သဘောရှိသဖြင့် ဤအကြံအတိုင်း သားအဖနှစ်ဦး စီစဉ်ဆောင်ရွက်ကြလေသည်။

"ဌပွလဝဏ်" သူဌေးသမီးကလည်း ပါရမီရှိသူ ဖြစ်သဖြင့် ဤအချိန်၌ ဘုရားရှင်သည် တန်ခိုးပြာဋိ

**ဘုရားရှင်၏ ရဲရင့်ကြည်လင်ပြတ်သားသော တရားသံဖြင့် မဂ်ဖိုလ်ရကြောင်းတရားမိုး ရွာသွန်းဟောကြားလေသည်။ ဤတရားကို ဝိသာခါ၏ယောကျ္ဗမသူဌေးကြီး နာရသောကြောင့် သောတာပန်ဖြစ်လာလေသည်။ သူဌေးကြီးသည် ဝိသာခါအား သူ၏မိခင်နှင့်ခိုင်းနှိုင်း၍ ချီးမြှောက်လေသည်။ ဝိသာခါသည် ထိုအခါမှစ၍ မိဂါရမာတာ (မိဂါရမိခင်) ဟူ၍ တွင်လေသည်**

ဟာပြရန် ဇေတဝန်ကျောင်းတော်၌ သတင်းသုံးနေစဉ်ဖြစ်၍ သူ့ဖခင်အား သူရဟန်းပြုနိုင်ကြောင်း၊ သူ့အား ရဟန်းပြုပေးပါဟုဆိုလေသည်။ မိဘတို့ကလည်း ဝမ်းမြောက်ဝမ်းသာဖြင့် ၎င်းအား ရတနာထမ်းစင်ပေါ်တင်၍ ရဟန်းမများကျောင်းသို့ ဆောင်သွားလေသည်။ ထို့နောက် ရဟန်းပြုစေပါသည်။ ၎င်းသည် နောင်သောအခါ၌ "ဌပွလဝဏ်ထေရီမ"ဟူ၍ အမည်တွင်လေသည်။

၎င်းထေရီမသည် ဌပုသ်နေ့နှင့်ကြုံသဖြင့် ဌပုသ်အိမ်၌ တံမြက်လှည်း တာဝန်ကျနေသည်။ ထေရီမသည် ဌပုသ်အိမ်တွင် တံမြက်လှည်းနေစဉ် မိမိထွန်းညှိထားသော ဆီမီးအာရုံကို တေဇောကသိုဏ်းရှုသဖြင့် သမာပတ် (ဈာန်) ရှစ်ပါးကို ရလေသည်။ ထိုဈာန်ကို အခြေပြုလျက် ဝိပဿနာ ဉာဏ်ဖြင့် ရှုသောကြောင့် အဘိညာဉ်ငါးပါးနှင့်တကွ ရဟန္တာမအဖြစ်သို့ ရောက်သွားလေသည်။

ဘုရားရှင်သည် တရားသဘင်သို့ ကြွလာပြီး မေးမြန်း၍ ရဟန်းတို့ ရဟန္တာတို့သည် ကာမဂုဏ်ချမ်းသာကို မသာယာကုန်။ ကာမဂုဏ်ကို မမှီဝဲရ။ ပဒုမ္မာကြာရွက်တွင် ရေမတင်သကဲ့သို့ ရဟန္တာတို့၏ စိတ်သည် ကိလေသာကာမဂုဏ်၊ ဝတ္ထုကာမဂုဏ်တို့၌ ကပ်ငြိခြင်းမရှိရပေဟူ၍ ဘုရားရှင်က မိန့်ကြားလေသည်။

ဌပွလဝဏ်မထေရ်မသည် အဘိညာဉ်အရာ၌ အလွန်ထူးကဲမြင့်မြတ်သဖြင့် နောင်သောအခါ၌ ဘုရားရှင်သည် ရဟန်းမများအား ဇေတဝဂ်ပေးသော အခါ၌ အဘိညာဉ်တန်ခိုးကြီးမြတ်သော သူ၏ တပည့်ရဟန်းမတို့တွင် ဌပွလဝဏ်မထေရ်မသည် အမြတ်ဆုံးဖြစ်ပေသည်ဟူ၍ "အဘိညာဉ် ဇေတဝဂ်" ပေး၍ ဘုရားရှင်၏ အဂ္ဂသာဝကအရာ၌ ထားတော်မူလေသည်။

(ဆက်လက်ဖော်ပြပါမည်)

# အားရပါးရ အားထုတ်မယ်

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

မိဘတွေဆိုတာက သားသမီးတွေကို လိမ္မာရေးခြားရှိစေချင်ကြတာ သဘာဝပါပဲ၊ အဲဒီလိုပါပဲ၊ ဆရာသမားတွေကလည်း တပည့်တပန်းတွေကို ထူးချွန်စေချင်ကြတာဟာလည်း သဘာဝပါပဲ၊ လူကြီးသူမတွေက နောက်လိုက်ငယ်သားတွေကို ထက်မြက်စေချင်တာဟာလည်း သဘာဝပါပဲ။

မိဘတွေက သားသမီးတွေကို၊ ဆရာသမားတွေက တပည့်တပန်းတွေကို၊ လူကြီးသူမတွေက နောက်လိုက်ငယ်သားတွေကို လိမ္မာစေချင်တာ၊ ထူးချွန်ထက်မြက်စေချင်တာဟာ တိုးတက်အောင်မြင်ကြီးပွားစေချင်လို့ပါပဲ။

ယခုခေတ်အခါထက် နောင်ခေတ်အခါဆိုတာက ပိုပြီးတိုးတက်စေချင်ကြလို့ပါပဲ။

တိုးတက်ကြီးပွားအောင်မြင်မှုဆိုတာ အရာအားလုံးနီးနီးက အဆင်ပြေစေနိုင်ပါတယ်၊ အခက်အခဲတွေကိုလည်း အလွယ်တကူ လွန်မြောက်နိုင်ပါတယ်။ လူသားတွေနေကြတဲ့ လူ့လောကကြီးမှာ အခက်အခဲ၊ အရှုပ်အထွေး၊ ပြဿနာတွေဆိုတာ နည်းသည်ထက်နည်း၊ သေးသည်ထက်သေး၊ နောက်ဆုံးမရှိလောက်အောင်ထိ ပျောက်ကွယ်ချုပ်ငြိမ်းသွားကြစေချင်တာပါ။

တစ်ဆင့်ထက်တစ်ဆင့် ငြိမ်းအေးချမ်းသာမှုပဲဖြစ်ဖြစ်၊ လောကနှင့်မဆိုင်၊ လောကချမ်းသာတွေထက် သာလွန်ချမ်းသာတဲ့ လောကုတ္တရာလို့ အမည်ရတဲ့ ငြိမ်းအေးချမ်းသာမှုပဲဖြစ်ဖြစ်၊ တကယ်တမ်းမြတ်နိုးသင့် မြတ်နိုးထိုက်၊ ရသင့်ရထိုက်တဲ့ချမ်းသာတွေပါ။

တကယ်လည်းပဲ ငြိမ်းအေးချမ်းသာမှုဆိုတာ ခံစားသင့်ခံစားထိုက်၊ စံစားသင့်စံစားထိုက်တဲ့ တရားမျိုးပါပဲ။

တစ်ခုပြောစရာရှိတာပေါ့လေ။ ချမ်းသာဆိုတာကတော့ ချမ်းသာတဲ့သဘောပါပဲ၊ ဒါပေမဲ့ အရသာချင်းကမတူကြပါဘူး၊ အရည်အချင်းကမတူကြပါဘူး၊ သတ္တိချင်းကလည်း မတူကြပါဘူး။

ဒီလိုသဘောမျိုးတွေတော့ ငြိမ်းအေးချမ်းသာမှုတွေမှာ ကွဲပြားကြပါသေးတယ်။

အိမ်ရှင်မတစ်ယောက် ချက်တတ်၊ ပြုတ်တတ်၊ ကြော်တတ်၊ လှော်တတ်ပါတယ်။ ဟင်းအမျိုးမျိုးကို ချက်တတ်သလို၊ မုန့်မျိုးစုံကိုလည်း လုပ်တတ်ပါတယ် ဆိုပါစို့။

သူချက်ထားတဲ့ ဟင်းတွေက တချို့က အားရပါးရ တစ်ခွက်လုံးကုန်အောင် စားလိုက်မှ အရသာပြည့်စုံတယ်၊ တချို့ဟင်းတွေကျတော့ တို့ကနန်း ဆိတ်ကနန်း စားလိုက်ရုံနဲ့ အရသာပြည့်စုံအောင် ခံစားရတယ်ဆိုတာမျိုးတွေ ရှိတတ်ပါတယ်။

သိကြပါတယ်လေ၊ တချို့မုန့်တွေဆိုရင် အားရပါးရစားသောက်လိုက်မှ၊ များများကိုပဲ စားလိုက်မှ ကျေနပ်နှစ်သိမ့် အရသာတွေ့တတ်ပါတယ်။ တချို့မုန့်မျိုးကျပြန်တော့ တစ်တို့၊ နှစ်တို့လောက် ဇွန်းဖျားလေးနဲ့ ခပ်ရုံလောက်ဆိုရင်ပဲ အရသာတွေ့ပြီး ကျေနပ်နှစ်သိမ့်မှုကို ရစေတတ်တာလည်း ရှိပါတယ်။

ဒါဖြင့် အားရပါးရ စားသောက်ရတဲ့ ထမင်းဟင်းမျိုးကိုပဲ စားမလား၊ တို့ကနန်း ဆိတ်ကနန်း စားရတဲ့ ထမင်းဟင်းမျိုးကိုပဲ စားမလား၊ ဒါမှမဟုတ် မုန့်အနေနဲ့ ပြောရရင် အားရပါးရ စားစရာမုန့်ကိုပဲ စားမလား၊ တစ်တို့၊ နှစ်တို့ ဇွန်းဖျားလေးလောက် စားရတာကိုပဲ စားမလားလို့မေးရင် တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် အဖြေချင်းတော့ တူကြမယ်မထင်မိပါဘူး။

“အရှင်ဘုရား၊ တပည့်တော်တော့ ဘယ်သူ့ကို အပြစ်တင်ရမလဲ မသိတော့ပါဘူးဘုရား။ အပြစ်တင်စရာတွေ အခုတော့ဖြစ်နေပါပြီ”

“ဟာ ဒကာကြီးကလည်း ဆိုင်းမဆင့်ဘုံမဆင့်နဲ့ ဘာမှန်းမသိ၊ ညာမှန်းမသိ၊ အပြစ်တင်ဖို့ပဲ ပြောတော့တာပဲ၊ ကဲ.. ဒီလိုဆိုရင် ဘယ်သူ့ကိုများ ကျေးဇူးတင်ရမလဲမသိဘူးလို့ ပြန်ပြီးပြင်ပြောကြည့်စမ်းပါဦး”

“ဟင်.. အရှင်ဘုရားက တပည့်တော် ဘာဖြစ်နေမှန်း သိလို့လား”

“မသိဘူးလေ”

“မသိဘဲနဲ့ ... ဘာလို့အပြစ်တင်စရာတွေအစား ကျေးဇူးတင်စရာတွေကို ပြင်ပြီးပြောခိုင်းရတာလဲ ဘုရား”

“ဒကာကြီး ဘာတွေဖြစ်လို့ဘယ်လိုအဓိပ္ပာယ်ကို ပြောတယ်ဆိုတာတော့ မသိပါဘူး၊ ဒါပေမဲ့ အပြစ်တင်စရာကိုပဲ တွေးနေ၊ စဉ်းစားနေလို့ အခုပြောတဲ့ အခါမှာလည်း အပြစ်တင်ချင်တဲ့ သဘောတွေကို ပြောနေတာပေါ့၊ ဒကာကြီးရဲ့ စကားသံ၊ စကားအဆန်က ဒေါသသံ၊ မကျေနပ်ဟန် ပါနေတယ်လေ”

“ဒါကျတော့လည်း အရှင်ဘုရားက သိသားပဲ”

“ဒီအသံ ဒီဟန်တွေက သိသာလွယ်တာကိုး၊ ဒီလို အပြစ်တင်သံပါနေရင် မကောင်းတဲ့စိတ်ဆိုးစိတ်ရိုင်းဖြစ်နေတာကတော့ သေချာတယ်လေ”

“ဟာ. ဟုတ်တာပေါ့ဘုရား”

“ဒါကြောင့်လည်း ဦးပဉ္စင်းက ကောင်းတဲ့စိတ်လေးဖြစ်လာနိုင်မလားဆိုပြီး အပြစ်တင်စရာတွေ အစား၊ ကျေးဇူးတင်စရာတွေကို ပြောင်းပြီး ကြည့်ပေးပါလို့ ပြောတာပေါ့”

“ဪ ဟုတ်ပြီဘုရား၊ အရှင်ဘုရားရဲ့ စကားအဓိပ္ပာယ်ကို တပည့်တော်တော့ သဘောပေါက်လိုက်ပါပြီ၊ ဒါကြောင့်လည်း အကြောင်းရှိရင် အရှင်ဘုရားဆီကို လာတာပေါ့။ အရှင်ဘုရားဆီလာရင် ဘာပဲပြောပြော အသိတစ်ခုတော့တိုးတာပဲ၊ ကျွင့်စရာတစ်မျိုးတော့ ပိုသိလာတာပဲ”

“အမယ် တယ်ပြီးမြောက်လွန်းနေပါလား၊ ကဲ ဒီလိုဆိုရင်ကျေးဇူးတင်စရာတွေကို ပေါ်လာအောင် စဉ်းစားကြည့်လိုက်စမ်းပါ၊ ပေါ်လာရင်လည်း ပါးစပ်က ထုတ်ပြောလိုက်စမ်းပါ၊ နားထောင်ချင်လွန်းလို့ပါ”

“ဟင်.. အရှင်ဘုရားကလည်း ပြောလိုက်တာ ချောလို့၊ ကျေးဇူးတင်စရာတွေကို စဉ်းစားတယ်ဆိုတာ လွယ်တာမှတ်လို့ အပြစ်တင်စရာတွေကို စဉ်းစားရတာကမှ တပည့်တော်တို့လို ပုထုဇဉ်တွေက လွယ်တာဘုရား”

“အောင်မယ်– သူ့ကိုယ်သူလူပုထုဇဉ်လို့ ဝန်ခံပြီး ဆင်ခြေတက်ထားမှတော့ အပြစ်တင်စရာတွေကို အများကြီး ပြောတော့မယ်နဲ့တူတယ်”

“တူတယ်မဟုတ်ဘူးဘုရား၊ ပြောကိုပြောမှာ၊ အခု တပည့်တော် တရားအားထုတ်တာနဲ့ ပတ်သက်ပြီး ပြောချင်တာ၊ ဒါပေမဲ့ ဒီလိုဖြစ်သွားတာကို အားမရ၊ မကျေနပ်လို့ အပြစ်တင်စရာတွေ ဖြစ်နေတာ၊ ဘယ်သူတွေကို အပြစ်တင်ရမလဲဆိုရင် အဲဒီအထဲမှာ ရှေ့ဆုံးက အရှင်ဘုရားလည်း ပါနေလို့ပဲ ဘုရား”

“ဟဲ့ ဗုဒ္ဓေါ”

“ဗုဒ္ဓေါ၊ မလုပ်ပါနဲ့ဘုရား၊ တကယ်ပြောတာပါ၊ အခု တပည့်တော် တရားအားထုတ်ရတာ လေးလေးပင်ပင် မရှိတော့ဘူး၊ အားရပါးရ မရှိတော့ဘူး၊ အဲဒါ ဘယ်လိုလုပ်မလဲဘုရား”

“ဟာ ဘယ်လိုဖြစ်ကုန်လို့တုံး”

“အရှင်ဘုရားနဲ့ တရားအကြောင်းတွေ ပြောလို့ သတိအစစ်တို့၊ သမာဓိအစစ်တို့၊ ပညာဉာဏ် အကြောင်းတို့ ပြောလို့ဆိုလို့”

“အင်း ဟုတ်တယ်လေ”

“အခု အဲဒီသဘောတွေသိပြီး တရားအားထုတ်ရတာဟာ အားထုတ်နေသလိုလို အားမထုတ်နေသလိုလိုလို့နဲ့ အားရပါးရမရှိလိုက်တာ ဘုရား”

“အင်း ပြောစမ်းပါဦး”

“အရှင်ဘုရားပဲပြောတယ်လေ၊ သတိထားတာနဲ့ သတိရှိတာ နှစ်မျိုးရှိတယ်၊ နှစ်မျိုးစလုံးဟာ သတိအစစ်ပါပဲဆို”

“ဟုတ်သားပဲ”

“အခုတပည့်တော် ဘယ်လိုဖြစ်သလဲမသိဘူး၊ အချိန်တိုင်းလိုလို၊ နေရာတိုင်းလိုလို၊ အမှုအရာတိုင်း၊ ဣရိယာပုတ်တိုင်းလိုလို သတိလေးရှိအောင်ကြိုးစားပါတယ်၊ ဘာအလုပ်ပဲ လုပ်နေလုပ်နေ၊ သတိရှိအောင်ကြိုးစားပါတယ်” (ဆက်လက်ဖော်ပြပါမည်)

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပါ့မယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၁၈)

ဦးမင်းဟန်(ဘီအေ)

“ဘိုးလေးရေ၊ မနေ့က ကျောင်းမှာ မတော်တဆဖြစ်တာကို အပြစ်ကြီးတစ်ခုလို ပူစူးမကပြောတယ်”

“ဟဲ့ မောင်ထူး နင့်ကိုပြောမနေပါနဲ့လို့ ပြောတာလေ၊ အဲဒီကိစ္စ ငြင်းခုံနေတာနဲ့ပဲ အခြားအကြောင်းတွေ မပြောရ၊ မမေးရ၊ မသိရတော့ဘူး၊ အချိန်ကုန်လူပန်းဖြစ်နေတာသာကြည့်ပါတော့ ဘိုးလေးရာ”

မောင်ထူး၏စကားကို ပူစူးမကချက်ချင်းပင် ဝင်ပြောလိုက်သည်။ ဘိုးလေးကြွက်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း အဝေးကိုငေးနေ၏။

“ဒါကတော့ မောင်ထူးအနေနဲ့ ပြောစရာပဲပူစူးမရဲ့။ နော် မောင်ထူးရာ”

“ဟုတ်တယ်လေ။ ငါကတော့ ဒီအတိုင်းထားလို့ ဘယ်ဖြစ်မလဲ။ ဆရာမကလည်း မတော်တဆဖြစ်တာကို ဇွေမယူကြဖို့ ပြောပြီးပြီလေ။ ဒါကို ဒီကောင်တွေက မိဘခေါ်မယ် ဘာမယ်နဲ့ဖြစ်နေကြတာ”

မောင်ထူးက ဘိုးလေးကြွက်အား တိုင်တည်ပြောနေသည့်တိုင် မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးသား အပြန်အလှန်ပြောသကဲ့သို့ ဖြစ်နေသည့် စကားများကို ဘိုးလေးကြွက်ကနားစွင့်နေပြီး ဖြည်းဖြည်းချင်းသာ ပြန်ပြောလိုက်သည်။

“မောင်ထူးတို့၊ ကိုဦးတို့ ပူစူးမတို့ ဘာတွေများ ကျောင်းမှာဖြစ်ခဲ့ကြလို့လဲ”

“ဟုတ်ကဲ့ဘိုးလေး။ ကျောင်းဘောလုံးပွဲမှာ ဖြစ်ခဲ့တာတွေပါ ဘိုးလေးရာ။ ဘိုးလေးကို မေးရမယ့်အကြောင်းတွေမှာ အဲဒါက နံပါတ်တစ်ဆိုပါတော့”

“ဟေ– မေးလေ၊ မေးစရာရှိရင် မေးရမှာပေါ့”

မောင်ထူးမေးမည့်စကားကို မေးစေရန် ဘိုးလေးကြွက်က ကြိုဆိုလမ်းကြောင်းပေးလိုက်သည်။

“ဟုတ်ကဲ့ ဘိုးလေး။ ကျောင်းမှာ ဘောလုံးကစားကြတာ အနည်းငယ်ထိခိုက်မိလို့ပါ။ အတန်းပိုင်ဆရာမကလည်း ဖြေရှင်းပေးပြီးပါပြီ။ ဒါကို မကျေနပ်လို့တဲ့၊ မိဘတွေပါခေါ်မယ်၊ ကျောင်းအုပ်ကြီးရုံးခန်းမှာ ရှင်းမယ်လို့ လေသံလွင့်နေလို့”

“ဒါကတော့ကွာ ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ ဘောလုံးကစားတယ်ဆိုတာ အနည်းနဲ့အများတော့ ထိခိုက်နာကျင်တတ်တယ်လေ။ ဒီသဘောတရားကို သိထားဖို့လိုတာပေါ့၊ တမင်တကာ ရန်ထောင်တိုက်ခိုက်တာမှ မဟုတ်တာ။ မတော်တဆ ဖြစ်ရတဲ့ကိစ္စပဲ။ ဖြစ်တတ်ပါတယ်”

“အဲဒါပြောတာပေါ့ ဘိုးလေးရယ်။ အဲဒီကိစ္စဖြစ်နေတာ ပြောလေဆိုးလေဖြစ်နေလို့။ ကျောင်းအုပ်ကြီးကို တိုင်မယ်၊ မိဘတွေခေါ်လာမယ်ဆိုတာ၊ ပြောနေလို့ မောင်ထူးကမကျေနပ်တာ”

ပူစူးမ၏ စကားကြောင့် မောင်ထူးက မျက်လုံးဝိုင်းသွားရသည်။ မောင်ထူးတစ်ယောက် ဘာဆက်ပြောရမည်မှန်းမသိဖြစ်နေစဉ် ပူစူးမက စကားဆက်ပြောလိုက်သည်။

“ဒီဖြစ်စဉ်မှာ မြေးတို့လည်းရှိတယ်။ မတော်တဆဖြစ်တာပါ ဘိုးလေးရာ”

“ဒါဆို အဖြေကရှင်းပါတယ် မောင်ထူးရ။ ဘယ်သူ့ကိုတိုင်တိုင် ကိစ္စမရှိပါဘူး။ အတန်းပိုင်ဆရာမကလည်း ဖြေရှင်းပေးပြီးပြီပဲ။ အဆင်ပြေသွားမှာပါ။ ဒီလိုအဖြစ်တွေက အများကြီးကြုံတွေ့ရဦးမှာ ဒါကအသေးအမွှား ရှိပါသေးတယ်”

“ဟုတ်ကဲ့ ဘိုးလေး”

“ဒါနဲ့ ဟိုဘက်ကလေးက ဘာဖြစ်သွားလို့လဲ”

“သူက မျက်ခုံးကွဲသွားတယ်။ မြေးက နောက်စိဖုထွက်သွားတယ်၊ အတော်လေးတော့နာတယ် ဘိုးလေးရ၊ အရှိန်က ပြင်းတာကိုး”

မောင်ထူးက ပြောပြောဆိုဆို ဦးခေါင်းကိုပွတ်နေသည်။

“မြေးတို့ကို ဘိုးလေးမှာချင်တာရှိတယ်။ ကျောင်းမှာကစားတဲ့အခါ အပြင်းအထန်မကစားရဘူး။ စိတ်လွတ်လက်လွတ်လည်း မကစားရဘူးကွယ့်။ ဘောလုံးကန်တာက တစ်ဖက်နဲ့တစ်ဖက် ကြမ်းကြမ်းတမ်းတမ်းနဲ့ ဘောလုံးလုတာမျိုးကို ရှောင်ရမယ်။ ကစားတဲ့အခါ မ္ပမ္ပတတနဲ့ ပြေလည်မှုရှိရှိနဲ့ ကစားတာကောင်းတယ်။ အလိုဆန္ဒကို ရှေ့တန်းမတင်ရဘူး။ အပြင်းအထန်မငြင်းခုံရဘူး။ ငြင်းခုံတဲ့ကိစ္စတွေဟာ မှန်ကန်ကောင်းမှန်ကန်နေပေမယ့် ဇွတ်တရွတ်မပြောရဘူး။ ဘောလုံးလုကြတဲ့အခါမှာလည်း ဘောလုံးရရှိရေးကိုရှေးရှုပြီး တစ်ဖက်သားထိခိုက် နာကျင်အောင် မကြမ်းတမ်းသင့်ဘူး။ အပျော်ကစားကြတာပဲဖြစ်ဖြစ် တကယ့်ပြိုင်ပွဲကစားတာပဲဖြစ်ဖြစ် စည်းနဲ့ ကမ်းနဲ့ ဖြစ်ရမယ်။ စည်းစနစ်နဲ့ ကစားရင်း နောင်အလေ့အကျင့်ရလာပြီး စည်းစနစ်ကျတဲ့သူ ဖြစ်လာမယ်။ သန့်သန့်ရှင်းရှင်းနဲ့ ကစားတတ်လာရင် ပြိုင်ပွဲတွေမှာ အသန့်ရှင်းဆုံးဆုတွေတောင် ရရှိလာနိုင်တာပေါ့”

“ဟုတ်ကဲ့ ဘိုးလေး။ မှတ်သားထားပါ့မယ်”

“အခုကိစ္စကလည်း သွေးပူတုန်းမို့ ပြောတာဖြစ်မှာပါ။ အတန်းပိုင်ဆရာမကိုယ်တိုင်သိလို့ ဖြေရှင်းပြီးပြီပဲ။ နာကျင်တာကတော့ နှစ်ဖက်စလုံးပဲ၊ ထိခိုက်ခံရတာလည်း နှစ်ဖက်စလုံးဆိုတာ သိနေပြီးသားပဲ၊ နားလည်သွားမှာပါ။ မြေးကလည်း နားလည်ပေးလိုက်ပါ၊ သည်းခံပေးလိုက်။ ခွင့်လွှတ်ပေးလိုက်ပါ။ သည်းခံခွင့်လွှတ်ခြင်းဟာ အောင်မြင်ခြင်းပဲကွယ့်၊ အနိုင်လိုချင်အရှုံးပေး နှလုံးအေးတဲ့ဆေးလို့တောင် ရှိသေးတာပဲ”

“ဟုတ်ကဲ့ဘိုးလေး၊ နှလုံးအေးအောင် ဆင်ခြင်ပါတော့မယ်”

“သာဓုကွယ် သာဓု သာဓု”။

# ပါရမီဆယ်ပါးမဂ်လာ

သုတေသီ ဦးသိမ်းဇံ

## ပညာပါရမီ

ပါရမီ(၁၀)ပါးတွင် ပညာပါရမီသည် စတုတ္ထမြောက်ပါရမီဖြစ်သည်။ ပညာပါရမီနှင့်ဆက်စပ်၍ ပညာသုံးမျိုးခွဲခြားစိတ်ဖြာနိုင်ပါသည်။

၁။ စိန္တာမယပညာ

၂။ သုတမယပညာ

၃။ ဘာဝနာမယပညာ ဟူ၍ဖြစ်သည်။

### စိန္တာမယပညာ

စိန္တာမယပညာဟူသည် လောကဌ် အယုတ်အမြတ်ဖြစ်သော အမှုကိစ္စအမျိုးမျိုးတို့တွင် အကျိုးအကြောင်း ဖြစ်သမျှကို မိမိ၏ဉာဏ်ဖြင့် ကြံစည်ဖြစ်ပေါ်လာသော အသိဉာဏ်ကို ခေါ်ဆိုခြင်းဖြစ်သည်။

စိန္တာသည် ကြံစည်ခြင်း။ မယသည် ပြီးစီးဖြစ်ပေါ်လာသောပညာ။ သို့ဖြစ်သောကြောင့် စိန္တာမယပညာသည် ကြံစည်သဖြင့် ဖြစ်ပေါ်လာသောပညာဟူ၍ ဖြစ်ပေသည်။ လောကအကြောင်းအရာသာမက ဓမ္မအကြောင်းအရာလည်း ပါဝင်သည်။ လက်သမား၊ လယ်သမားကိစ္စမှစပြီး ဓမ္မသဘာဝ စသော ဒါန၊သီလ၊သမထ၊ဝိပဿနာဟုဆိုအပ်သော တရားသဘောစုကို ကြံစည်သိမြင်သောပညာဟူသမျှသည် စိန္တာမယပညာဖြစ်သည်။

မြတ်စွာဘုရားရှင်သည် သဗ္ဗညုတညာဏ်တော်ရရှိကြောင်း ကောင်းမြတ်သောပဋိပတ်အကျင့်ကို မည်သူတစ်ဦးတစ်ယောက်ထံမှ ကြားနာခြင်းမရှိပါဘဲ ကိုယ်တော်တိုင် ကြံစည်ထိုးထွင်း သိမြင်ကျင့်ကြံနိုင်ခြင်းအားဖြင့် သဗ္ဗညုတညာဏ်တော်ရရှိလာခြင်း ဖြစ်ပေသည်။ ထို့ကြောင့် သဗ္ဗ ညုတညာဏ်တော်သည်ပင် စိန္တာမယပညာဟု ဆိုနိုင်ပါသည်။

### သုတမယပညာ

သုတမယပညာဟူသည် ကိုယ်တိုင်ကြံစည်သိမြင်ခြင်းမပြုနိုင်သဖြင့် ပညာရှိများထံမှ မေးမြန်းပြီး ဟောပြောသည်ဖြစ်စေ၊ မေးမြန်းမှုမပြုဘဲ အလိုအလျောက် ဟောပြောသည်ဖြစ်စေ၊ ယင်းတို့အား အသံဖြင့် ကြားနာရ၍ ဖြစ်ပေါ်တတ်မြောက်လာသည့် ပညာဟူသမျှတို့ကို ခေါ်ဆိုသည်။

သို့ဖြစ်၍ သုတသည် ကြားခြင်း။ မယသည် ပြီးစီးဖြစ်ပေါ်လာသောပညာဟူ၍ အနက်အဓိပ္ပာယ်ရှိခြင်းတို့ကြောင့် ကြား၍ဖြစ်ပေါ်လာသောပညာကို သုတမယပညာဟုခေါ်ဆိုခြင်းဖြစ်သည်။

### ဘာဝနာမယပညာ

ဘာဝနာမယပညာဟူသည် စျာနသမာပတ်၊ ဖလသမာပတ်ဝင်စားသူတို့၏ သမာပတ်အတွင်းဖြစ်ပေါ်သည့် ပညာပင်ဖြစ်ပေသည်။

ပညာအမျိုးအစားကိုထပ်မံ၍ အဆင့်အတန်းမြင့်သောပညာနှင့် အဆင့်အတန်းမမီသော အောက်တန်းပညာဟူ၍ ခွဲခြားနိုင်ပြန်ပါသည်။ အသက်မွေးဝမ်းကျောင်းဖြစ်သည့် အမှုမျိုး(ကမ္မာယတန)နှင့် အသက်မွေးမှု၏ အကြောင်းဖြစ်သောအတတ်မျိုး(သိပ္ပာယတန)ဟူ၍ ရှိပေသည်။ ပညာဖြင့်စီမံအပ်သော အမှုမျိုးကို(ကမ္မာယတန)ဟုခေါ်သည်။ ပညာဖြင့်စီမံအတတ်အမျိုးမျိုးတို့ကို(သိပ္ပာယတန)ဟု အဋ္ဌကထာ၌ ဖွင့်ဆိုထားသည်။

ကမ္မာယတနအရ အမှုမျိုးတွင် အည့ံစား၊ အမြတ်စားဟူ၍ နှစ်မျိုးရှိပြန်သည်။ လက်သမားအလုပ်ကို အည့ံစားတွင်ထည့်၍ လယ်သမားအလုပ်၊ ကုန်သွယ်မှုအလုပ်ကို အမြတ်စားတွင်ထားသည်။

သိပ္ပာယတန အတတ်မျိုးတွင်လည်း အည့ံစားနှင့် အမြတ်စားဟူ၍ ခွဲထားပေသည်။ ထရံရက်အတတ်၊ ရက်ကန်းရက်အတတ်တို့ကို အည့ံစားတွင်ထည့်ပြီး ဂဏန်းအတတ်၊ စာရေးအတတ်တို့ကို အမြတ်စားတွင် ထည့်ထားသည်။ အထူးသင်ကြားရခြင်းမျိုးမရှိဘဲ ပြုလုပ်နိုင်သောအမှုကို ကမ္မာယတနအမှုဟု ခေါ်ဆိုသည်။ သိပ္ပာယတနဟူသည် သင်ကြားမှသာ တတ်မြောက်သိမြင်နိုင်သော အတတ်ဖြစ်သည်။

ပညာတွင် သိအပ်သောအရာက ယုတ်ညံ့၍ ယုတ်ညံ့သောပညာ၊ သိအပ်သောပညာကမြင့်မြတ်၍ မြင့်မြတ်သောပညာ ဟူ၍ မခွဲခြားသင့်ပေ။ အားသေးသောပညာနှင့် အားကြီးသောပညာဟူ၍သာ ခွဲခြားသင့် ပေသည်။ ပညာပါရမီဆည်းပူးသူသည် အထက်တန်း၊ အောက်တန်းဟူ၍မခွဲခြားဘဲ မိမိမသိသေးသည့်အရာဖြစ်လျှင် ပညာရှိတို့ထံ မေးမြန်းဆည်းပူးဖြည့်ကျင့်သင့်ကြပေသည်။

ပညာပွားများရခြင်းအကြောင်း ခုနစ်ပါးရှိသည်။

၁။ ပညာရှိတို့ထံ အဖန်တလဲလဲမေးမြန်းရခြင်း

၂။ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနလုံးသော ဝတ္ထုတို့ကို စင်ကြယ်အောင်ပြုလုပ်ရခြင်း

၃။ သဒ္ဓါစသော ဣန္ဒြေညီမျှအောင်ပြုရခြင်း

၄။ ပညာမဲ့သောပုဂ္ဂိုလ်တို့ကို ဝေးစွာ ရှောင်ကြဉ်ရခြင်း

၅။ ပညာရှိသူတို့ကို မှီဝဲဆည်းကပ်ရခြင်း

၆။ နက်နဲသော ဉာဏ်ကျက်စားရာဖြစ်သော တရားသဘောကိုဆင်ခြင်ရခြင်း

၇။ ညွှတ်ကိုင်းသော စိတ်ရှည်ရခြင်း ဟူသည်တို့ဖြစ်သည်။

မြန်မာဝေါဟာရတွင်သုံးသော ပညာဟူသည်က သုတမယပညာကို ဆိုလိုခြင်းဖြစ်သည်။ သင်ပေးသမျှ တတ်သော အတတ်ဖြစ်သည်။ ကျောင်းနေသဖြင့် စာသင်၍ ဘွဲ့များ၊ ဒီဂရီများရရှိခြင်းသည် သုတမယ ပညာဖြစ်သည်။ လက်မှုပညာများဖြစ်သည့် လယ်လုပ်သည်ကိုကြည့်ပြီး လယ်သမားအတတ်တတ်ခြင်း၊ လက်သမားလုပ်သည်ကိုကြည့်ပြီး လက်သမားပညာတတ်ခြင်းသည်လည်း သုတမယ ပညာပင်ဖြစ်သည်။

မြန်မာစကားတွင် သင်ပေး၍ သင်ပေးသမျှ တတ်သည်ကို ပညာတတ်သည်ဟုခေါ်ဆိုသည်။

အာဘိဓမ္မာတွင်ပါရှိသော ပညာစေတသိက်မှာ ကိုယ့်ဘာသာကိုယ် ထိုးထွင်းသိလာသောပညာ ဖြစ်သည်ဟုဆိုသည်။ ထိုးထွင်းသိမြင်ခြင်းကို ဉာဏ်ဟုဆိုသည်။ ပဋ္ဌိသန္ဓေကတည်းက ပညာပါလာသောပုဂ္ဂိုလ်သည် သူ့ဘာသာသူ တီထွင်ပြီး သိမြင်သည်။ ထိုကဲ့သို့ထိုးထွင်းသိမြင်သောပုဂ္ဂိုလ်ကို တိဟိတ်ပုဂ္ဂိုလ်ဟုခေါ်သည်။ ပဋ္ဌိသန္ဓေကတည်းက ပဋ္ဌိသန္ဓေစိတ်တွင် ပညာပါလာလျှင် တိဟိတ်ပုဂ္ဂိုလ်ဟု ခေါ်ဆိုပြီး အလောဘ၊ အဒေါသ၊ အမောဟ ဟူသည့် ဟိတ်သုံးပါးပါလာသည်။ အမောဟသည် ပညာကိုဖွင့်ဆို၏။

အာဘိဓမ္မာတွင်စာတစ်လုံးမျှမတတ်သော်လည်း ထိုးထွင်းသိမြင်လျှင် ပညာရှိဟုခေါ်ဆိုနိုင်ကြောင်း ဖေါ်ပြထားပြီးဖြစ်သည်။

သို့ဖြစ်၍ သူတော်ကောင်း၊ သူတော်မြတ်တို့၏ ဖြည့်ကျင့်ရသည့် ပါရမီ(၁၀)ပါးတွင် ပညာပါရမီလည်း ပါဝင်သည်ဖြစ်ရာ စိန္တာမယပညာ၊ သုတမယပညာ၊ ဘာဝနာမယပညာ စသည့်ပညာတစ်ခုခု ဖြစ်နိုင်သကဲ့သို့ သုံးမျိုးစလုံးလည်း ဖြစ်နိုင်သည်။ ယင်းတို့၏အဓိကမှာမူ ဘာဝနာမယပညာ ဖြစ်သော်လည်း ဘဝများစွာဖြတ်သန်းရသည့် ဘုရားအလောင်းတော်တို့အနေဖြင့် ပညာပါရမီတစ်ခုခုကို ကြိုးစားဖြည့်ဆည်းရသည့် သာဓကများစွာ ရှိခဲ့ပြီးဖြစ်သဖြင့် မှတ်သားဖွယ်ရာအဖြစ် မှတ်တမ်းပြုလိုက်ရပါသည်။ ။

■

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ - ဖြာမဂ်လာ

**မြတ်သောအကျင့်ကို ကျင့်ရမယ် ဖြဟ္မစရိယဠ္ဟ။**

“ကိလေသာအပူဝေး၍ ငြိမ်းအေးစေတတ်သည့် မြတ်သောအကျင့်ကို ကျင့်ခြင်း၊ ခြိုးခြံစွာကျင့်ကြံသုံးစွဲရခြင်း၊ မြတ်သောအကျင့်ကို ကျင့်ရမယ်”လို့ မြန်မာလိုအဓိပ္ပာယ်ရတယ်။

၃၈-ဖြာမဂ်လာကဗျာများရဲ့ နဝမမြောက်ကဗျာဖြစ်တဲ့ “ခြိုးခြံရေးမဂ်လာ လေးပါး”ထဲက နံပါတ်နှစ် မဂ်လာတရားပဲ ဖြစ်တယ်။ သားတို့သမီးတို့၊ မောင်တို့ မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မဂ်လာတရားတွေ ပေါ့ကွယ်။

ဟိုးရှေးအခါတုန်းက...။

အချိန်ကာလကတော့ ရာဇဂြိဟ်ပြည်ရှိ ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရားရှင် သတင်းသုံးတော်မူစဉ်ကပေါ့ကွယ်။

“အိမ်ထောင်ရက်သား ချထားပေးဖို့ မိဘတွေကတော့ စိုင်းပြင်းနေကြလေရဲ့၊ ငြင်းချက်ထုတ်ရန်လည်း အမိအဖတို့ သဘောကို လွန်ဆန်ရာကျပေမယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့သာ အိမ်သူ သက်ထားဖြစ်လာမယ့်သူနဲ့ အချင်းချင်း ညှိနှိုင်းကြတာပဲ ကောင်းပါတယ်လေ”

ပိပ္ပလိလုလင်က အိမ်ထောင်မပြုလိုပေမယ့် မိဘတို့စိတ်ချမ်းသာရေးတွေးကာ အိမ်ထောင်ပြုရေး လက်ခံလိုက်ပြီး တစ်ဦးတည်းတီးတိုးရေရွတ်ကာ အနာဂတ်အရေးကို ကြိုတွေးအကြံထုတ်နေလေရဲ့။

ရာဇဂြိဟ်ပြည်မှာ ကပိလလို့အမည်တွင်တဲ့ သူဌေးကြီးတစ်ဦးရှိတယ်။ သူဌေးကြီးဟာ သူ့ရဲ့သားတော်ဖြစ်တဲ့ ပိပ္ပလိလုလင်ကို အိမ်ထောင်ချထားပေးနိုင်ရေးစီစဉ်ကာ သားတော်ကိုအသာခေါ်ယူ ပြောကြားတော့တယ်။

“သားတော်ရေ၊ မိဘဆိုတာ အရွယ်ရလာတဲ့ သားသမီးအတွက် မိဘတို့ဝတ္တရားရှိတဲ့အတိုင်း ထိမ်းမြားခြင်းလျှင် ဝတ်ငါးအင်ဆိုသလို သားတော်ကို သင့်တော်တဲ့သတို့သမီးနဲ့ စေ့စပ်လက်ထပ်ပေးရပေလိမ့်မယ်”

“သားတော် အနေနဲ့ကတော့ အိမ်ထောင်ပြုလိုစိတ် မရှိသေးပါဘူး။ အမိအဖတို့နဲ့သာ အတူတကွနေထိုင်ကာ ပြုစုကျေးဇူးဆပ်ပြီး ကုသိုလ်ယူချင်ပါသေးတယ်”

“ဒီအတိုင်းနေလို့တော့ မဖြစ်သေးဘူးပေါ့ သားတော်။ ထိမ်းမြားလက်ထပ်တယ်ဆိုတာ အချိန်ရှိတုန်း၊ အရွယ်ရှိတုန်း၊ အမိအဖတွေ သက်ရှိထင်ရှားရှိနေတုန်းမှာ ဂုဏ်သရေရှိရှိ ကျင်းပပေးရမယ့်တာဝန်မိဘတိုင်းမှာ ရှိတယ်ကွယ့်။ အမိအဖတို့ဟာ အသက်အရွယ်ကြီးရင့်လာကြပြီ ဖြစ်တာကတစ်ကြောင်း။ သားတော်ဟာလည်း အရွယ်ရလာပြီဖြစ်တာကတစ်ကြောင်း၊ သတို့သမီးဘက်ကလည်း သမီးကညာအရွယ်မလင့်ခင် လက်ဆက်ပေးလိုတာကတစ်ကြောင်း အကြောင်းအပေါင်းတွေက တိုက်ဆိုင်လာလိုက်တာ အချိန်အခါကောင်းကို ရောက်ရှိနေပြီမို့ သားတော်သာ မိဘတို့စိတ်အေးချမ်းမြေ့ရအောင် ဆောင်ကြဉ်းပေတော့”

ကပိလသူဌေးကြီးတို့ ဇနီးမောင်နှံက သားတော် ပိပ္ပလိလုလင်ကို အိမ်ထောင်ရက်သားချထားပေးဖို့ရာ နားသွင်းနေတာပေါ့ကွယ်။

“အိမ်ထောင်ရက်သား ချထားပေးဖို့ မိဘတွေကတော့ စိုင်းပြင်းနေကြလေရဲ့၊ ငြင်းချက်ထုတ်ရန်လည်း အမိအဖတို့ သဘောကို လွန်ဆန်ရာကျပေမယ်။ ကိုယ့်နည်းကိုယ့်ဟန်နဲ့သာ အိမ်သူ သက်ထားဖြစ်လာမယ့်သူနဲ့ အချင်းချင်း ညှိနှိုင်းကြတာပဲ ကောင်းပါတယ်လေ”

ပိပ္ပလိလုလင်က အိမ်ထောင်မပြုလိုပေမယ့် မိဘတို့စိတ်ချမ်းသာရေးတွေးကာ အိမ်ထောင်ပြုရေး လက်ခံလိုက်ပြီး တစ်ဦးတည်းတီးတိုးရေရွတ်ကာ အနာဂတ်အရေးကို ကြိုတွေးအကြံထုတ်နေလေရဲ့။ နောက်ဆုံးမှာတော့ အမိအဖတို့ သဘောတကျစီစဉ်တဲ့ သာဂလပြည်သား ကောလိယသူဌေးကြီးရဲ့ သမီးဖြစ်သူ ဘဒ္ဒါဝိလာသိနီနဲ့ လက်ထပ်ထိမ်းမြားလိုက်တာပေါ့ကွယ်။

“မောင်တော်ရေ မိဘတွေရဲ့ ဆန္ဒကို လိုက်လျောလို့ နှမတော်တို့လက်ထပ်ထိမ်းမြားလိုက်ကြပြီနော်”

“ဟုတ်တယ်လေ နှမတော်၊။ စိတ်မပူလင့်ပါနဲ့ နှမတော်။။ မောင်တော်ကလည်း အိမ်ထောင်သားမွေးကိစ္စကို မမက်မောပါဘူးကွယ်။ ယုတ်ညံ့တဲ့ လောကီအာရုံကာမဂုဏ်တို့ကို စွန့်ခွာခြင်းဟာ အချမ်းသာဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကြီးကို ရရှိနိုင်တယ်ဆိုတာ သိထားတယ်။ ဒီတော့ကွယ် မောင်တော်တို့နှစ်ဦးစလုံးဟာ အမိအဖတို့ စိတ်အေးချမ်းသာရေး အကြိုက်ဆောင်ခဲ့ကြပြီးပြီပဲ။ ဒီအချိန်မှာတော့ ကိုယ့်စိတ်ကြိုက်အရေးကို ဦးဆောင်ကြမယ်နော်။ နှမတော်ကိုလည်း နှမအရင်းလေးကဲ့သို့ မောင်တော်က စောင့်ရှောက်မယ်။ နှမတော်ကလည်း မောင်တော့်ကို မောင်အရင်းတစ်ယောက်လို ယုံယုံကြည်ကြည်ဆက်ဆံပေါ့။။ မောင်နှမ အရင်းတွေလိုပဲ နေထိုင်ပြုမှု ဆက်ဆံကြတာပေါ့ကွယ်”

အသစ်စက်စက် ဇနီးမောင်နှံနှစ်ဦးဟာ ကာမဂုဏ်၌ ယုတ်သောအကျင့်ကို မကျင့်ကြဘဲ တစ်ဦးနဲ့တစ်ဦး နားလည်မှုတွေရယူကြပြီး မောင်နှမအရင်းတွေလို နေထိုင်လာကြကာ မြတ်သောအကျင့်ကို ကျင့်ကြသတဲ့ကွယ်။ မေထုန်ရှောင်ကြဉ်တာ၊ ကာမဂုဏ်အာရုံနဲ့မအပ်စပ်တဲ့ ရသေ့ရဟန်းသူတော်မြတ်တို့ရဲ့ အကျင့်မျိုးကို မြတ်သော အကျင့်လို့ခေါ်တယ်။

နောက်ပိုင်း အမိအဖတွေမရှိကြတော့တဲ့အခါ စည်းစိမ်ဥစ္စာတွေကိုပါ စွန့်လွှတ်ပြီး တောထွက်ကာ မြတ်စွာဘုရားထံမှာ သာသနာ့ဘောင်ကို ဝင်ကြလေတော့တယ်။ ပိပ္ပလိလုလင်ဟာ နောင်အခါ ဘုရားသာသနာတော်မှာ “အရှင်မဟာကဿပကြီး”အဖြစ် ကျော်ကြားတဲ့ အဂ္ဂမဟာသာဝကဖြစ်လို့ နိဗ္ဗာန်ချမ်းသာကြီးကို ရရှိခံစား စံစားရတော့သတဲ့ကွယ်။

ဖြဟ္မစရိယဠ္ဟ။

“ကိလေသာအပူဝေးလို့ ငြိမ်းအေးစေတတ်တဲ့မြတ်သောအကျင့်ကိုကျင့်ခြင်း၊ မြတ်သောအကျင့်ကို ကျင့်ရမယ်”လို့ မြန်မာလို အဓိပ္ပာယ်ဖော်ဆောင်တဲ့ မှတ်သားစရာပုံဝတ္ထုတစ်ခုပါပဲ။

သားတို့သမီးတို့၊ မောင်တို့မယ်တို့ အတွက်သာမက လူတိုင်းလူတိုင်း အသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် “ခြိုးခြံရေးမဂ်လာ”နည်းနာတွေပေါ့ကွယ်။

**ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလင်္ဂနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။**

**၅-၁၂-၂၀၂၂ ရက်မှအဆက်**

''ကဲ...သမီး အသာနေ၊ ဖေဖေပြောပါ့မယ်။ ငါ့သမီးကို ဖေဖေနားလည်အောင် ရှင်းပြပါ့မယ်''

မွန်သည် 'မ' ကို မကျေမနပ်ဖြင့် တစ်ချက်မျှကြည့်ရင်း အခန်းတွင်းမှ ထွက်၍သွားတော့သည်။

ဦးကျော်ဒင်သည် အပေါက်ဝကိုငေး၍ ကြည့်နေရင်း ပြောမည့်စကားကို စဉ်းစားနေမိသည်။

အမှန်တော့လည်း ဦးကျော်ဒင်ကိုယ်တိုင်လည်း ပြောမည့်စကားကို ရုတ်တရက် မထွက်နိုင်အောင် ရှိတော့သည်။ 'မ' ကမူ ဦးကျော်ဒင်ပြောမည့်စကားကို ရင်တဖိုဖိုဖြင့် စောင့်စားနေမိသည်။ အခန်းတစ်ခန်းလုံးကား ဆိတ်ငြိမ်၍လာတော့သည်။ တစ်ချက်တစ်ချက် 'မ' ၏ ရှိုက်သံကလေးကို ကြားရသည်။ ဦးကျော်ဒင်၏ သက်ပြင်းချသံကို ကြားရသည်။

ဦးကျော်ဒင်သည် ဆေးပြင်းလိပ်ကို မီးညှိ၍ဖွာလိုက်သည်။ ပြီးမှ 'မ' ရှေ့တွင် လက်ကိုနောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန်လျှောက်နေရင်း အကြံအိုက်နေပုံရသည်။ အတန်ကြာမှ ခုတင်ပေါ်သို့ လက်ထောက်ထိုင်ချပြီးလျှင် 'မ' ခေါင်းမှ ဆံပင်နုကလေးကို သပ်၍ပေးလိုက်သည်။

'မ' က ကြမ်းပေါ်တွင် ကျုံ့ကျုံ့ကလေး ထိုင်နေရာမှ ဦးကျော်ဒင်ကိုသာ မျက်စိသူငယ်ဖြင့် ကြည့်နေမိရှာသည်။

"သမီး ဘယ်လောက်စိတ်ပင်ပန်းဆင်းရဲနေတယ်ဆိုတာ ဖေဖေ နားလည်ပါတယ်။ သမီးစိတ်ဆင်းရဲသလို ဖေဖေတို့လည်း စိတ်ဆင်းရဲရတာပါပဲ။ သစ်ပင်ခြောက်တစ်ပင်အတွင်းမှာရှိတဲ့ မီးဟာတောကြီးတစ်တောလုံးကို လောင်ကျွမ်းစေသလိုပဲ သမီးရင်ထဲမှာ တောက်လောင်တဲ့မီးဟာလည်း ဖေဖေတို့တစ်အိမ်လုံးကို ကူးစက်လောင်ကျွမ်းစေတာပဲ။ ဒီတော့ ဒီကိစ္စမှာ အားလုံးစိတ်ချမ်းသာအောင် စဉ်းစားဖို့လိုမယ်''

'မ' သည် ဦးကျော်ဒင်ပြောသမျှကို ခေါင်းငုံ့ နားထောင်နေမိသည်။ ဦးကျော်ဒင်သည် အရာရာ၌ မျှမျှတတ ဆုံးဖြတ်လိမ့်မည်ကိုလည်း 'မ'က ယုံကြည်ထားသည်။

အမှန်တော့ 'မ' သည် တစ်အိမ်လုံးနှင့် ရင်ဆိုင်နေသူဖြစ်သည်။ တစ်အူတုံ့ဆင်းညီအစ်မရင်းပင်ဖြစ်စေကာမူ စိတ်နေစိတ်ထားမှအစ ကွဲပြားနေတော့လည်း နေရာတကာ၌ပင် 'မ' က တစ်ယောက်တည်းသာ ဖြစ်နေတော့သည်။

ထို့ကြောင့်လည်း 'မ' သည် ဟသ်ီးတို့အလယ်တွင် ရောက်နေရရှာသော တောကျီးကန်းကဲ့သို့ အရာရာ မျက်နှာငယ်ခဲ့ရသည်။ အများပြောသမျှ ငုံ၍ခံခဲ့ရသည်။ ဦးကျော်ဒင်တစ်ယောက်သာ 'မ' ကို နားလည်သည်ဟု ထင်မိသည်။

ထို့ကြောင့်လည်း 'မ' သည် တစ်အိမ်လုံးထဲမှ ဦးကျော်ဒင်ကိုသာ ချစ်သည်။ အားကိုးသည်။ ဦးကျော်ဒင်သည် 'မ' ဘက်မှ အမြဲတမ်းကာကွယ်တတ်သည်။

ယခုလည်း 'မ' သည် တစ်ယောက်နှင့် အများမို့ မလွန်ဆန်နိုင်အောင်ရှိနေစဉ် ဦးကျော်ဒင်က ဝင်လာသောအခါ အားတက်မိသည်။ 'မ' အတွက် ဦးကျော်ဒင်ကလွဲ၍ အားကိုးစရာ မရှိတော့ချေ။

"သမီးကို ဖေဖေ ဘယ်လိုဆုံးဖြတ်ပါလို့ မတိုက်တွန်းချင်ဘူး။ သမီးတွေထဲမှာ ငါ့သမီးဟာ ဖေဖေရဲ့စိတ်ချမ်းသာမှုကို အပေးနိုင်ဆုံးသမီးပဲဆိုတာ ယုံကြည်တယ်။ ဒါပေမဲ့ ဒီကိစ္စမှာတော့ ဖေဖေ ကိုယ်တိုင် မစဉ်းစားတတ်အောင် ရှိနေတယ်။ သမီးဘက်က ဖေဖေရပ်ချင်ပေမယ့် ရပ်ဖို့ကမလွယ်ဘူး။

ဒါပေမဲ့ ကိုယ့်သမီးကလေး ညှိုးငယ်မှာ၊ ဆင်းရဲပင်ပန်းမှာကိုတော့ စိုးရိမ်တယ်။ ဆင်းရဲဒုက္ခဆိုတာလည်း အမျိုးမျိုးပဲ၊ ချစ်သူနဲ့ကွေကွင်းခြင်းဟာလည်း ဆင်းရဲဒုက္ခလို့ ဆိုနိုင်တာပဲ။ ချစ်တဲ့သူနဲ့ အတူနေရပေမယ့် မပြည့်စုံမှု၊ မလုံလောက်မှုကြောင့် အိမ်ထောင်မှုကိစ္စမှာ သားသမီးတွေတိုင်အောင် ညှိုးငယ်နွမ်းပါးခြင်းဟာလည်း ဆင်းရဲဒုက္ခတစ်ခုပဲ။ ဒါကို ဖေဖေစဉ်းစားတာဟာ တခြားကြောင့်မဟုတ်ဘူး။ သမီးအတွက် နောင်ရေးကိုတွေးပြီး တွေ့ရမယ့် ဒုက္ခတွေကို မြင်နေလို့ပဲ။ အဲဒီအခါကျမှတော့ သမီးကို ဖေဖေတို့ မကယ်နိုင်ဘူး။ ဖေဖေက ကယ်ချင်တယ်ထားဦး၊ သမီးမေမေရဲ့စိတ်ထားကို ငါ့သမီး သိသားပဲ။ ဒါတွေကိုတွေးမိတော့ ဖေဖေ့ရင်ထဲမှာ မထွေးနိုင် မအန်နိုင်ဖြစ်ရတယ်''

ဦးကျော်ဒင်သည် ပြောရင်း အသံတုန်လာသည်။ 'မ' ကိုယ်တိုင်ပင် ဦးကျော်ဒင် ပြောသောစကားများကို နားထောင်ရင်း အလိုလို ဝမ်းနည်းလာမိသည်။ ဖခင်၏ စိတ်ဆင်းရဲမှုကို တွေ့ရပြန်တော့လည်း ရင်နာမိသည်။

ကိုယ့်အတွက် ဖခင်ကြီး စိတ်ပင်ပန်းရသည့်အဖြစ်ကိုမူ 'မ' သည် မကြည့်ရက်၊ မမြင်ရက်နိုင်အောင်ရှိတော့သည်။

'မ' သည် ဦးကျော်ဒင်၏ဒူးနှင့် မျက်နှာကိုအပ်ကာ ရှိုက်ငိုလိုက်မိသည်။

"သမီးကို ဘယ်လိုဖြစ်စေချင်တယ်ဆိုတာပြောပါဖေဖေ။ ဖေဖေ ဒီလိုပြောတာ သမီးရင်ထဲမှာ ပိုပြီးထိခိုက်တယ်။ သမီးဟာ ဖေဖေတို့ စိတ်ဆင်းရဲအောင် တစ်သက်လုံး မလုပ်ခဲ့ပါဘူး။ ဖေဖေ အသိဆုံးပါ။ ဒါပေမဲ့ ခုကိစ္စမှာတော့ သမီးမိုက်တယ်ပဲဆိုဆို သမီးမတတ်နိုင်ဘူးဖေဖေ။ ဒီလိုကိစ္စမျိုးကို တစ်ယောက်က နှစ်ယောက် မျက်နှာမပြောင်းချင်ဘူးဖေဖေ။ ထားပြီးသားသစ္စာကတိကို သမီးဘယ်တော့မှ မဖျက်ချင်ဘူး''

"ဖေဖေ နားလည်ပါတယ်။ သမီးရဲ့စိတ်ဓာတ်ကို ဖေဖေ နားလည်ပါတယ်။ ဒါပေမဲ့ လောကနီတိ အလိုအတိုင်းတော့ အမျိုးအနွယ်ကို စောင့်ရှောက်ခြင်းအကျိုးဌာ တစ်ယောက်ကိုစွန့်ရတယ်။ လူအများကို စောင့်ရှောက်ခြင်းအကျိုးဌာ အမျိုးအနွယ်ကိုစွန့်ရတယ် ဆိုတဲ့စကားလိုပဲ။ ခုကိစ္စက အမျိုးအနွယ်ကို စောင့်ရှောက်ရမယ့်အဖြစ်မျိုး ရောက်နေပြီ။ ဒီလိုပြောလို့ မောင်ဘခက်ကို ဖေဖေ ချိုးနှိမ်ပြီးပြောတာ မဟုတ်ဘူးနော်။ မောင်ဘခက်ရဲ့ ပညာ သမာဓိ အကျင့် သိက္ခာကို ဖေဖေ ယုံကြည်ပါတယ်။ ဒါပေမဲ့ ယောက်ျားတို့ရဲ့ ဥစ္စာဆိုတာ ပညာတစ်ခုတည်းလို့ ခုခေတ်က တွက်ကြတာမဟုတ်ဘူး။ ဂုဏ်၊ ဘွဲ့၊ ပစ္စည်းဥစ္စာဆိုတဲ့ဟာတွေပါ ထည့်ပြီးတွက်ထားကြတော့ သမီးရဲ့ပတ်ဝန်းကျင်က သမီးကို မောင်ဘခက်လိုလူမျိုးနဲ့ ဘယ်နည်းနဲ့မှ ခွင့်ပြုကြမှာ မဟုတ်ဘူး။ တရားဆိုတာ မှန်တိုင်းလည်း လက်ခံကြတာ မဟုတ်ဘူး။ အများကသက်ဝင်ယုံကြည်မှ ဖြစ်တာကိုး ...။

"ကိုယ်ကမှန်ပေမယ့် အများနဲ့ မလွန်ဆန်နိုင်တဲ့အခါ လျှော့ပေးရတာပဲ။ သမီးကို ဒီလိုပြောလို့ စိတ်မည်စန်နဲ့နော်။ အမှန်တော့ ... ဒီစကားမျိုးကို ထွက်ရတာကိုပဲ ဖေဖေ့စိတ်ထဲမှာ ဘယ်လောက်ထိခိုက်တယ်ဆိုတာ သမီး သိမှာမဟုတ်ဘူး။ သမီးစိတ်ဆင်းရဲမယ့်စကားပြောရတာ ဖေဖေကိုယ်တိုင်လည်း စိတ်ဆင်းရဲရတာပဲ ....။

"ဒါပေမဲ့ ခုကိစ္စကို အဟပ်ချင်းကကွာလွန်းတယ်သမီးရယ်။ အများကြီး စဉ်းစားစေချင်တယ်။ သမီးဘက်ကဖေဖေရပ်ချင်တယ်ထားဦးတော့ ဒီကိစ္စမျိုးမှာ ရပ်ရတာ မလွယ်ဘူး။ ဒီတော့ ဖေဖေ့အနေနဲ့ ဘာမှအဆုံးအဖြတ်မပေးချင်ဘူး။ ပေးလည်း မပေးရက်ဘူး။ နောက်ဆုံး ဆုံးဖြတ်ပြီးတဲ့နောက် ဖေဖေ သမီးကို မကူညီနိုင်အောင် အပြစ်မယူပါဘူး။ သမီးကို ဖေဖေခွင့်လွှတ်မှာပဲ။ မှားတဲ့ဘက်လိုက်သည့်တိုင်အောင် ငါ့သမီးဟာ တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ကြိမ်သာ မှားခြင်းဖြစ်တဲ့အတွက် သမီးကို ဖေဖေ ခွင့်လွှတ်မှာပဲ။ ငါ့သမီး စိတ်ချမ်းသာမှုအတွက် ဖေဖေ ဘုရားမှာ အမြဲအာရုံပြုနေမှာပဲ။ ခေါင်းအေးအေး ထားပြီးတော့သာ စဉ်းစားပေတော့''

ဦးကျော်ဒင်သည် နေရာမှထလိုက်သည်။ ပြီးတော့လည်း အခန်းတွင်းမှ တစ်လှမ်းချင်း ခေါင်းငိုက်စိုက်ဖြင့် ထွက်၍သွားလေသည်။ 'မ' သည် အတန်ကြာအောင်ပင် စိတ်ရှိလက်ရှိ ငို၍ပစ်လိုက်သည်။

ဆုံးဖြတ်ရမည့်ပြဿနာကို တော်တော်နှင့်မစဉ်းစားနိုင်။ စဉ်းစား၍လည်း မရ။

ခေါင်းထဲ၌ ဝေ၍သာနေသည်။ ပြဿနာကိုတွေးလိုက်တိုင်း အကောင်အထည်ကို ရှာ၍မရ။

မီးလောင်ပြင်ကို ကြည့်ရသလို ဦးနှောက်က အလိုလို ခြောက်ခန်းရီဝေ၍လာသည်။

ကင်းကင်းလွတ်လွတ် ဆုံးဖြတ်၍မရ၊ တစ်ခုခုကို ဆုံးဖြတ်မည်ကြံလျှင် ထောက်ထားစရာများက တွယ်ကပ်၍လာသည်။

တစ်ဖက်ကို ဆုံးဖြတ်မည်ကြံလျှင် တစ်ဖက်မှမျက်နှာကို မြင်လာသည်။ အမှန်တော့ ခုအချိန်တွင် 'မ' အတွက် ဇွတ်မိုတ်၍ဆုံးဖြတ်ရတော့မည်။ တစ်ခုကိုဆုံးဖြတ်လျှင် တခြားဘာမျှစဉ်းစားနေစရာမလို။

ဆုံးဖြတ်ပြီးသည့်အတိုင်းသာ ပြတ်ပြတ်သားသားလုပ်ရန် ရှိတော့သည်။

အမြင့်မှ အနိမ့်သို့ ခုန်ဆင်းသည့်အခါတွင် အောက်သို့ကြည့်လိုက်ပြန်တော့လည်း အသင့်ဆီးပွေ့မည့်သူကိုမြင်ရသည်။ အပေါ်၌လည်း ဆွဲမည့်သူက ရှိနေသည်။

ဆွဲမည့်သူနောက်သို့ ပါသွားလျှင်လည်း အောက်မှစောင့်မျှော်နေသူကို မျက်နှာလွှဲရပေလိမ့်မည်။

စောင့်မျှော်သူထံသို့ အတင်းဆင်းမည်ဟု ဆုံးဖြတ်လျှင်လည်း ဆွဲမည့်သူ၏ လက်မှ ရုန်းထွက်ရပေလိမ့်မည်။

ဤနှစ်ခုကို ချိန်ထိုးလိုက်တိုင်း 'မ' သည် ရင်လေးမိသည်။ စိတ်ရှုပ်မိသည်။

'မ' သည် စာရေးစားပွဲဆီသို့ အသာလျှောက်ခဲ့သည်။ ရင်တွင်း၌ မျိုသိပ်ထားသမျှ အန်ထုတ်ရန် ကြိုးစားမိသည်။

အမှန်ဆိုတော့လည်း ရင်ဝယ်မဆံ့ခံစားနေရသည်တို့ကို ထုတ်၍ ဖွင့်အန်ရမည်ဟု ဆိုပြန်တော့လည်း ကိုဘခက်မှ လွဲ၍ တခြားမည်သူမျှမရှိချေ။

ထို့ကြောင့်လည်း 'မ' သည် ခံစားနေရသည့်ဒုက္ခကို ကိုဘခက်ထံသို့ ပေးပို့မည့် စက္ကူလွတ်ပေါ်တွင် အန်ထုတ်လိုက်ရတော့သည်။

**ဆက်လက်ဖော်ပြပါမည်။**

> **'လောကနီတိအလိုအတိုင်းတော့ အမျိုးအနွယ်ကိုစောင့်ရှောက်ခြင်းအကျိုးဌာ တစ်ယောက်ကိုစွန့်ရတယ်။ လူအများကိုစောင့်ရှောက်ခြင်းအကျိုးဌာ အမျိုးအနွယ်ကိုစွန့်ရတယ် ဆိုတဲ့စကားလိုပဲ။ ခုကိစ္စက အမျိုးအနွယ်ကိုစောင့်ရှောက်ရမယ့်အဖြစ်မျိုး ရောက်နေပြီ။ ဒီလိုပြောလို့ မောင်ဘခက်ကို ဖေဖေ ချိုးနှိမ်ပြီးပြောတာမဟုတ်ဘူးနော်။ မောင်ဘခက်ရဲ့ ပညာ သမာဓိ အကျင့် သိက္ခာကို ဖေဖေ ယုံကြည်ပါတယ်။ ဒါပေမဲ့ ယောက်ျားတို့ရဲ့ဥစ္စာဆိုတာ ပညာတစ်ခုတည်းလို့ ခုခေတ်ကတွက်ကြတာမဟုတ်ဘူး။ ဂုဏ်၊ ဘွဲ့၊ ပစ္စည်းဥစ္စာဆိုတဲ့ဟာတွေပါ ထည့်ပြီးတွက်ထားကြတော့ သမီးရဲ့ပတ်ဝန်းကျင်က သမီးကို မောင်ဘခက်လိုလူမျိုးနဲ့ ဘယ်နည်းနဲ့မှ ခွင့်ပြုကြမှာမဟုတ်ဘူး။ တရားဆိုတာ မှန်တိုင်းလည်း လက်ခံကြတာမဟုတ်ဘူး။ အများကသက်ဝင်ယုံကြည်မှ . . .'**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## အနုပညာ

# တစ်နှစ်တာအတွက် ဖျော်ဖြေတင်ဆက်သူအဖြစ် ရွေးချယ်ဖော်ပြခံရတဲ့ BLACKPINK

တောင်ကိုရီးယားအမျိုးသမီး တေးဂီတအဖွဲ့ BLACKPINK ဟာ လတ်တလောမှာ ဂီတသက်တမ်း တစ်လျှောက် မှတ်တိုင်သစ်တစ်ခုကို ထပ်မံစိုက်ထူနိုင်ခဲ့ပြီဖြစ်ပါတယ်။ အဆိုပါ တေးဂီတအဖွဲ့ကို TIME မဂ္ဂဇင်းက ၂၀၂၂ ခုနှစ်အတွက် ဖျော်ဖြေတင်ဆက်သူအဖြစ် ရွေးချယ်ဖော်ပြခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလိုဖော်ပြခံရတာဟာ အမျိုးသမီးတေးဂီတအဖွဲ့တွေအနက် BLACKPINK က ပထမဆုံးဖြစ်တာကြောင့် အဖွဲ့ရဲ့အနုပညာသက်တမ်းတစ်လျှောက် နောက်ထပ်မှတ်တိုင်သစ်တစ်ခု ထပ်မံစိုက်ထူနိုင်ခဲ့ပြီလို့ ဆိုရမှာပါ။ အခုလိုရွေးချယ်ဖော်ပြခံရကြောင်း TIME မဂ္ဂဇင်းက ဒီဇင်ဘာ ၅ ရက်မှာ ဖော်ပြခဲ့တာဖြစ်ပါတယ်။

# မရန်ကာရေးရဲ့ ဘဝနဲ့ အနုပညာခရီးအကြောင်း ရုပ်ပြစာအုပ်သစ် ထွက်ရှိမည်

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ မရန်ကာရေးရဲ့ ငယ်စဉ်မှ လက်ရှိအချိန်အထိ ဘဝဇာတ်ကြောင်းနဲ့ သူ့ရဲ့အလုပ်အကိုင်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ရေးသားပုံဖော်ထားတဲ့ ရုပ်ပြစာအုပ်သစ်ထွက်ရှိမှာဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါစာအုပ်မှာ စာမျက်နှာ ၂၂ မျက်နှာ ပါဝင်ပြီး မရန်ကာရေးရဲ့ ငယ်စဉ်ဘဝမှ အောင်မြင်ကျော်ကြားလာသည်အထိ အကြောင်းအရာတွေကို ရောင်စုံပုံရိပ်တွေနဲ့ ဖော်ပြထားတာပါ။ TidalWave Comicsက Female Forceလို့ အမည်ပေးထားတဲ့ စာအုပ်တွဲမှာ မိမိနယ်ပယ်မှာ အောင်မြင်ကျော်ကြားတဲ့ အမျိုးသမီးတွေအကြောင်းကို ရုပ်ပြအဖြစ် ဖန်တီးထုတ်လုပ်လျက်ရှိပြီး အဲဒီအထဲမှာ မရန်ကာရေးလည်း တစ်ယောက်အပါအဝင်အဖြစ် ဖော်ပြခံခဲ့ရတာလည်း ဖြစ်ပါတယ်။

**အေးပြည့် – စုစည်းသည်**

# ကော့သောင်းမြို့၌ ကျောင်းသား ကျောင်းသူ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ကော့သောင်း ဒီဇင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူ လူငယ် အချင်းချင်း အသိပညာဗဟုသုတများ ဖလှယ်တတ်စေရန်အတွက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို အထက(၁) မြတ်ရတနာခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ယာယီမြို့နယ်ဦးစီးမှူး ဦးကျော်စိုးမိုးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကော့သောင်းခရိုင်ဦးစီးအရာရှိ ဒေါ်မေဇင်ဦးတို့က Moderator များအဖြစ် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စတင်ခဲ့သည်။

စကားဝိုင်းဆွေးနွေးပွဲတွင် ယနေ့ခေတ်ဆိုရှယ်မီဒီယာနှင့်လူငယ်များ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်စာပေ၊ လူငယ်များ၏အနာဂတ် အောင်မြင်မှုပန်းတိုင်ဆီသို့ စသည့်ခေါင်းစဉ်များဖြင့် အထက်တန်းကျောင်းသား ကျောင်းသူ လေးဦး ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက စကားဝိုင်းအတွင်း ဝင်ရောက်မေးမြန်းအပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**✪ ပထမပိုင်းမှ**

ပါကွီတာကတစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာဖြစ်ပြီး တောင်ကိုရီးယားအသင်းကတော့ ဒုတိယပိုင်းပွဲကစားချိန် ၇၆ မိနစ်မှာ သွင်းယူခဲ့တဲ့ ပေါ့ဆောင်ဟိုရဲ့ သွင်းဂိုးနဲ့ ချေပဂိုးတစ်ဂိုး ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဘရာဇီးအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးနေမာဟာ ဘရာဇီးအသင်းနဲ့အတူ ၇၆ ဂိုးမြောက်သွင်းဂိုးကို သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိမှာ ပီလီရဲ့ဘရာဇီးအသင်းနဲ့အတူ စံချိန်တင်ထားတဲ့ သွင်းဂိုးကိုမီဖို့ တစ်ဂိုးသာလိုအပ်တော့တာ ဖြစ်ပါတယ်။

ဘရာဇီးအသင်းဟာ တောင်ကိုရီးယားအသင်းကို အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် ကွာတားဖိုင်နယ်အဆင့်မှာ ခရိုအေးရှားအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

**ငွေကြယ်**



**ပြင်ဆင်ဖတ်ရှုပါရန်**

(၃-၁၁-၂၀၂၂)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာ (၂၄)ပါ တရားလွှတ်တော်ရှေ့နေ ဦးဝင်းမင်းဝိုး(စဉ်-၁၂၆၆၄) ဒဏ်ဆိပ်ကမ်းမြို့နယ် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ တွင် အကျယ်အဝန်းအား (၁၁၆၀) စတုရန်းပေ အစား၊ (၁၁၈၄) စတုရန်းပေဟု ပြင်ဆင်ဖတ်ရှုပါရန်။



**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(B-1)၊ Type-(F)၊RC(၈$^{\frac{3}{4}}$)ထပ်တိုက်၏ အခန်းအမှတ်(၇၀၆)၊ (Level-7+8)၊ Zone(B) အလွှာ(၇)နှင့် (၈) နှစ်ထပ်ပေါင်း ဧရိယာ(၁၇၅၈)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်အစပ်ဖြင့် ပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်စန္ဒာမိုးမြင့် [၁၂/သဃက(ဧည့်)၀၀၀၂၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးတက်တိုးဟန် [၁၂/ကမရ(နိုင်)၀၄၇၁၀၂]၊ ဒေါ်မြေဖြူပြာ [၁၂/ကမရ(နိုင်)၀၀၀၃၀၀] တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတက်တိုးဟန်၊ ဒေါ်မြေဖြူပြာတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဖြိုးအောင်(LL.B),WIPO(Switzerland))**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅)**
**Ph-09-421157856, 09-798458627**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**



**ပတ်စ်ပို့ပျောက်**

ကျွန်မ မသန်းသန်းထွေး [၈/ပဖန(နိုင်)၁၁၅၉၃၃] နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်-

**ဖုန်း-၀၉-၄၀၈၈၆၆၆၂၆**



**ပတ်စ်ပို့ပျောက်**

ကျွန်တော် မောင်အောင်မိုး [၈/ဆပ၀(နိုင်)၀၇၃၉၉၉] နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်-

**ဖုန်း-၀၉-၄၀၈၈၆၆၆၂၆**



**ဖခင်အမည်မှန်**

ဒဂုံဆိပ်ကမ်း မြို့နယ်၊ ယု ၉ နဥ ယျ၃ ခြို့ တော် ၊ အ.ထ.က(၂) Grade(3)မှ မယမင်းဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းစိန် [၁၂/တတန(နိုင်)၀၁၉၆၀၁] ဖြစ်ပါကြောင်း။



**ဗြင်းချက်ထုတ်ရန်သမ္မန်စာ**
**တရားမကျင့်ထုံးဥပဒေအမိန့်-၅၅၊ နည်းဥပဒေ(၂၀)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၁**

၁။ ဦးဝဏ္ဏအေး နှင့် ဦးမြသွင်
၂။ ဒေါ်ဝင်းဝင်းကြည်
(၂) တရားလိုအမည်- ဦးဝဏ္ဏအေး

**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုရှာ(၁၆) လမ်း၊ အမှတ်(၉၂၉)နေ တရားပြိုင် ဦးမြသွင် (ယခုနေရပ်လိပ်စာ မသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှု၌ စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၂၆)ရက်၊ (၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်)၊ မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူသည် တရားလိုများ၏ ဖွဲ့ဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလုပ်လိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ဖို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၆)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**ကျော်ကျော်**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**



**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ ဗလွီက(၁၁)လမ်း၊ မြေကွက်အမှတ် (၃၁၇)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀၄၆၀) ပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ မြေကွက်အနက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသည့်အကျယ်အဝန်း(၁၀၄၆၀) ပေရှိသော မြေကွက် (ခေါင်းရင်းဘက်ခြမ်း)နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေအမည်ပေါက်သူ မိခင် ဒေါ်သန်းစိန်နှင့် ဖခင်ဖြစ်သူ ဦးမျိုးသန့်တို့ကွယ်လွန်ပြီးဖြစ်သဖြင့် သားသမီးများဖြစ်ကြသော ၁။ ဦးအေးသန့် [၁၂/စခန(နိုင်)၀၃၉၀၀၅] ၂။ ဦးထိန်ဝင်း[၁၂/တမန(နိုင်)၀၇၂၉၉၂]၊ ၃။ ဒေါ်ခင်အေး[၆/ထဝန(နိုင်)၀၃၈၈၅၀]တို့မှ အမွေဆက်ခံပိုင်ဆိုင်၍ အခြားအမွေစားအမွေခံ၊ အပေါင်းအနှံ စသည့်အရှုပ်အရှင်းတို့မှ လုံးဝကင်းရှင်းပါကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူများက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ ထက်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၊ နေအိမ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

